# JUDICIAL FEDERALISM

## Structures, mechanisms, and their implications for Myanmar

# ဖက်ဒရယ် တရားစီရင်ရေး

## ဖွဲ့စည်းပုံတည်ဆောက်ပုံ၊ ယန္တရားများနှင့် ယင်းတို့၏ မြန်မာနိုင်ငံအတွက် အသုံးဝင်နိုင်မှု

April 2023

Constitutional Federalism Institute

# Contents


နိဒါန်း................................................................................................................... 2

အရပ်ဘက်ဆိုင်ရာတရားရုံး/အထွေထွေတရားရုံးစနစ်အတွက် ရွေးချယ်နိုင်သည့် ဒီဇိုင်းများ .................. 3

တရားရုံးအဆင့် နှစ်ဆင့်ယှဉ်စနစ် (Dual Court System) ........................................................... 3

ခွဲဝေ (သို့) ပေါင်းစပ်တရားရုံးစနစ် (Shared or Integrated Court System) ..................................... 5

တရားရုံးစနစ် တစ်ခုတည်းစနစ် (Single Court Hierarchy) ........................................................ 7

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှု (Constitutional Review)..................................... 8

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် ဖက်ဒရယ်စနစ် (Constitutional Review and Federalism)............................................................................................................ 14

ဗဟုတရားစီရင်ရေးစနစ် (Pluralist Justice System).............................................................. 18

မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဖက်ဒရယ် ဗဟုတရားစီရင်ရေးဆိုင်ရာ စဉ်းစားချက်များ.......................... 27

စစ်ဘက်ဆိုင်ရာတရားရုံးများနှင့် တရားစီရင်ရေးမဏ္ဍိုင်လွတ်လပ်မှု ................................................ 28

သုံးသပ်ချက်၊ ဆက်စပ်စဉ်းစားစရာများနှင့် နိဂုံး........................................................................ 32

ဥပဒေအကိုးအကား................................................................................................... 35

ကျမ်းကိုးစာရင်း....................................................................................................... 36

## နိဒါန်း

မြန်မာနိုင်ငံတွင် ခေတ်ကာလအဆက်ဆက် ဖက်ဒရယ်ရေးရာနှင့် ပတ်သက်ပြီး ဆွေးနွေးပြောဆိုရာတွင် နိုင်ငံတော်၏မဏ္ဍိုင် ၃ ရပ်အနက် တရားရေး မဏ္ဍိုင်ထက် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် စပ်လျဉ်းပြီး အစိုးရအဆင့်ဆင့် အကြား အာဏာခွဲဝေကျင့်သုံးမှုများကို ပို၍ ဆွေးနွေးပြောဆိုကြသည်ကို တွေ့ရနိုင်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ဖွဲ့စည်းတည်ဆောက်ပုံ ဆိုင်ရာသဘောသဘာဝအရ အဆိုပါမဏ္ဍိုင်များအတွင်း ခန့်အပ်မှု၊ လုပ်ပိုင်ခွင့်အာဏာ အစရှိသည်တို့နှင့် ပတ်သက်လာလျှင် တရားရေးထက် နိုင်ငံရေးက ပို၍ အရေးကြီးသည်ဟု ယူဆသောကြောင့် ဖြစ်နိုင်သော်လည်း ပြည်နယ်များ၏ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာများ ခိုင်မာ ပီပြင်လာစေရန်၊ အာမခံချက် ရှိလာစေရန်အတွက် အဆုံးအဖြတ်ပေးနိုင်သည်မှာ တရားစီရင်ရေး ဖြစ်သည့် အတွက်ကြောင့် အမျိုးမျိုးသော ဖက်ဒရယ်တရားစီရင်ရေးပုံစံများနှင့် ယင်းတို့၏ အခန်းကဏ္ဍကို အလေးပေး ဆွေးနွေးရန် လိုအပ် ပါသည်။

ဖက်ဒရယ်တရားစီရင်ရေးဟု ဆိုကြလျှင် တစ်ပြည်ထောင်အစိုးရစနစ်များမှာ ကဲ့သို့ပင် အရပ်ဘက်ဆိုင်ရာတရားရုံး/အထွေထွေတရားရုံးစနစ် (general court system) နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှု (constitutional review) ဟူ၍ အဓိကအားဖြင့် ပုံစံနှစ်မျိုး ပိုင်းခြား၍ ဆွေးနွေးနိုင်ပါသည်။ ဤစာတမ်းငယ်တွင် အဆိုပါစနစ်နှစ်မျိုးလုံးနှင့် ပတ်သက်၍ ဖက်ဒရယ်နိုင်ငံများတွင် လက်ရှိ အသုံးပြုလျှက်ရှိသော စနစ်မျိုးမျိုးကို သက်ဆိုင်ရာ နိုင်ငံများနှင့် ဥပမာပေးယှဉ်ထိုးကာ ဆွေးနွေးသွားမည် ဖြစ်သည်။ စာတမ်း၏ရည်ရွယ်ချက်မှာ စနစ်တစ်ခုခုကို မြန်မာနိုင်ငံတွင် ကျင့်သုံးစေလိုသောကြောင့် ယင်းစနစ်ကို အသားပေးတင်ပြလိုခြင်း မဟုတ်ပဲ ယနေ့ဖက်ဒရယ်နိုင်ငံများတွင် ကျင့်သုံးနှင့်ပြီးဖြစ်သော တရားစီရင်ရေးစနစ်များ၊ ၎င်းတို့၏ သွင်ပြင်လက္ခဏာရပ်များနှင့် ပညာရပ်ဝန်းတွင်လက်ခံပြီးဖြစ်သော အကျိုးသက်ရောက်မှုများကို မြန်မာနိုင်ငံရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးပြောဆိုမှုများတွင် တစ်တပ်တစ်အားထည့်သွင်း အကျိုးပြုလိုရင်းသာဖြစ်သည်။ ထို့ပြင် ထိုစနစ်များ၏ မြန်မာနိုင်ငံ အပေါ် သက်ရောက်မည့် အဓိပ္ပါယ်နှင့် အကျိုးအာနိသင်များကို အကျဉ်းချုံး ဆွေးနွေးသွားမည်ဖြစ်သည်။ နောက်ဆုံးတွင် မြန်မာနိုင်ငံရှိ ဗဟုတရားစီရင်ရေးစနစ် (pluralist justice system) ကို အနာဂါတ် ဖက်ဒရယ် တရားစီရင်ရေးစနစ်တွင် မည်သို့ထည့်သွင်းနိုင်မည်၊ တရားရုံးများတွင် လူမျိုး၊ ကိုးကွယ်သည့် ဘာသာ၊ ဘာသာ စကား၊ လိင် ကိုယ်စားပြုမှုစဉ်းစားချက်များကို မည်သို့ထည့်သွင်းနိုင်မည်၊ စစ်ဖက်ဆိုင်ရာ တရားရုံးများကို အရပ်ဘက်တရားစီရင်ရေးစနစ် အောက်တွင်ရှိနေစေရန် မည်သို့ စီစဉ်နိုင်သည်များကို အကျဉ်း ဆွေးနွေး သွားမည်ဖြစ်သည်။

## အရပ်ဘက်ဆိုင်ရာတရားရုံး/အထွေထွေတရားရုံးစနစ်အတွက် ရွေးချယ်နိုင်သည့် ဒီဇိုင်းများ

အုပ်ချုပ်ရေး၊ ဥပဒေပြုရေးကိစ္စများမှာကဲ့သို့ပင် ဖက်ဒရယ်နိုင်ငံတစ်ခု၏ တရားစီရင်ရေးစနစ်ကို ဖွဲ့စည်းတည်ဆောက်နိုင်သည့် ရွေးချယ်စရာ တရားရုံးစနစ်ဒီဇိုင်းများမှာလည်း တစ်ခုမကရှိနေပါသည်။ ဖက်ဒရယ်နိုင်ငံများရှိ အရပ်ဘက်တရားရုံးစနစ်များသည် အစိုးရအဆင့်ဆင့်တွင် (များသောအားဖြင့် ပြည်ထောင်စု နှင့် ပြည်နယ်အဆင့်၊ နှစ်ဆင့်ခွဲထားသကဲ့သို့) ထားရှိသကဲ့သို့ သီးခြားတရားရုံးစနစ် ရှိ-မရှိ၊ သီးခြားတရားရုံးစနစ် တည်ရှိခဲ့ပါက ယင်းစနစ်နှစ်ခုသည် တစ်သီးတစ်ခြားစီ အလုပ်လုပ်-မလုပ် (သို့မဟုတ်) မျှဝေပေါင်းစပ်ထားခြင်း ရှိ-မရှိ အပေါ် မူတည်ပြီး အောက်ပါအတိုင်း အမျိုးအစားများ ခွဲခြားနိုင်ပါသည်။

၁။ တရားရုံးအဆင့် နှစ်ဆင့်ယှဉ်စနစ် (dual court system)

၂။ ခွဲဝေ (သို့) ပေါင်းစပ် တရားရုံးစနစ် (shared or integrated system)

၃။ တရားရုံးစနစ် တစ်ခုတည်းစနစ် (single court hierarchy)

သို့သော် သတိချပ်စရာတစ်ခုမှာ အခြားသော ဖက်ဒရယ်ရေးရာကိစ္စရပ်များကဲ့သို့ပင် လက်တွေ့ကျင့်သုံးလျှက်ရှိသော တရားစီရင်ရေးစနစ်များသည် အောက်တွင်ဆွေးနွေးမည့် စနစ်များ၏ လက္ခဏာရပ်များနှင့် ချွတ်စွပ် တူနိုင်မည်မဟုတ်ပဲ အခြားစနစ်တစ်ခုခု၏ သွင်ပြင်လက္ခဏာရပ်အချို့လည်း ရောနှော ပါဝင်နေနိုင်သည့်အပြင်၊ နိုင်ငံတစ်ခုချင်းစီအလိုက်လည်း ချွင်းချက်များ ရှိနေသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။ အထက်ပါ အမျိုးအစားများကဲ့သို့ ပုံစံတကျ ကွဲပြားမှုများကို အပြည့်အဝ နားလည်နိုင်ရန်အတွက် နည်းလမ်းပုံစံတကျ (formal) မဟုတ်ပဲ နိုင်ငံတစ်ခုချင်းစီအလိုက်ကွဲပြား တည်ရှိနေသည့် ဓလေ့ထုံးတမ်း အစဉ်အလာ ကျင့်သုံးမှုများကိုလည်း သိရှိထားရန် လိုအပ်ပါသည်။ အက္ခရာတင်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (written Constitution) များတွင် ဖော်ပြထားသော တရားရုံးစနစ်များကို နိုင်ငံတစ်ခု ချင်းစီက ၎င်းတို့ကြုံတွေ့ခဲ့ရသော သမိုင်းဆိုင်ရာ အချိုးအကွေ့များ၊ တရားစီရင်ရေးဆိုင်ရာ ဓလေ့ထုံးတမ်းများကလည်း ကာလရွေ့လျားလာသည်နှင့် ပြောင်းလဲ ပုံဖော်သွားတတ်ပါသည်။

## **တရားရုံးအဆင့် နှစ်ဆင့်ယှဉ်စနစ်** (Dual Court System)

ဤစနစ်ကို ပြည်ထောင်စုအစိုးရအဆင့်နှင့် ပြည်နယ်အစိုးရအဆင့် နှစ်ဆင့်လုံးတွင် မိမိတို့ကိုယ်တိုင် လွတ်လပ်စွာလည်ပတ်သည့် တရားရုံးစနစ်များ ရှိနေသည့်စနစ်ဟု ယေဘုယျ အားဖြင့် မှတ်ယူနိုင်သည်။ ဤစနစ်ကို အသုံးပြုရခြင်းအကြောင်းရင်းခံမှာ ဗဟိုတရားစီရင်ရေးစနစ်၏ အာဏာကို ကန့်သတ်ပြီး ပြည်နယ် များ၏ တရားစီရင်ရေး အာဏာကို အကာအကွယ်ပေးရန် ဖြစ်သည်။ ထို့အပြင် သက်ဆိုင်ရာ ဒေသ၏ သွင်ပြင်စရိုက်လက္ခဏာများနှင့် အကိုက်ညီဆုံးဖြစ်မည့် တရားစီရင်ရေးစနစ်ပုံစံကို တစ်ဖက်တွင် အာမခံချက် ပေးထားသည့် တစ်ချိန်တည်းတွင် ဥပဒေမှ တသမတ်တည်း တည်ရှိပေးထားသော အခြေခံအခွင့်အရေးများဖြင့် ထိန်းညှိမှုများထားရှိရန် အတွက်လည်းဖြစ်သည်။ ဥပဒေပြုမဏ္ဍိုင်တွင်

တွေ့ရှိနိုင်သည့်အတိုင်း ပြည်နယ် အဆင့်တွင် အပ်နှင်းထားနိုင်သော အာဏာများကို ပြည်နယ်များတွင် အပ်နှင်းထားပြီး ပြည်ထောင်စု/ဗဟို အဆင့်မှကိုင်တွယ်မှသာ အလုပ်ဖြစ်မည့် အာဏာများကို ပြည်ထောင်စုတွင်ထားရှိသော (subsidiary principle) သဘောတရားနှင့် ပုံစံခြင်း ဆင်တူပါသည်။ ကြီးမားကျယ်ပြန့်ပြီး၊ မတူညီသော အုပ်စုများ ယှဉ်တွဲနေထိုင်သည့် နိုင်ငံမျိုးတွင် ပြည်နယ်များအား တရားရုံးများကို လွတ်လပ်စွာ စီမံခန့်ခွဲကျင့်သုံးစေသော ဤစနစ်က စီမံခန့်ခွဲမှုများကို ပိုမိုထိရောက်စေနိုင်သကဲ့သို့ မတူကွဲပြားသည့် လူမျိုးများ၊ ဘာသာရေး အုပ်စုများ ၏ လိုအပ်ချက်များ ကိုက်ညီမှု ရှိအောင်ဖြည့်ဆည်းပေးရာတွင် အထောက်အကူပေးသည် ဟုလည်း ရှု့မြင်ကြပါသည်။

ဤတရားရုံးစနစ်တွင် ပြည်ထောင်စုတရားရုံးများသည် ပြည်ထောင်စု/ဖက်ဒရယ်အဆင့် ဥပဒေများနှင့် သက်ဆိုင်သော အမှုကိစ္စများကို ကိုင်တွယ်ကြားနာရလေ့ရှိပြီး ပြည်နယ်အဆင့်ဥပဒေများကို ပြည်နယ်အဆင့် တရားရုံးများက ကိုင်တွယ်ပြီး ပြည်နယ်တရားရုံးများက စီရင်ပိုင်ခွင့်ရှိသည့် နယ်ပယ်လည်းဖြစ်သည်။ တရားရုံး စီမံခန့်ခွဲမှုတွင်လည်း ပြည်ထောင်စု/ဖက်ဒရယ် အဆင့်ဥပဒေများက ပြည်ထောင်စုတရားရုံးများ၏ စီမံခန့်ခွဲ မှုနှင့် အာဏာကို ပြဋ္ဌာန်းပြီး ပြည်နယ် အဆင့်ဥပဒေများက ပြည်နယ်တရားရုံးများ၏ စီမံခန့်ခွဲ မှုနှင့် အာဏာကို ပြဋ္ဌာန်းပေးအပ်ပါသည်။ ပြည်ထောင်စု တရားရုံးများက ကြားနာနိုင်သော နယ်ပယ်များတွင် ပြည်နယ် အချင်းချင်းအကြား ဖြစ်ပေါ်လာသည့် အငြင်းပွားမှုများနှင့် ပြည်နယ်ဖြတ်ကျော် ရာဇဝတ်မှုများ (interstate crimes) ဥပမာ - မူးယစ်ဆေးဝါး မှောင်ခိုမှု၊ လူကုန်ကူးမှုများ ပါဝင်လေ့ရှိသည်။ တစ်ခါတရံ တရားရုံး အဆင့်နှစ်ဆင့်လုံးတွင် လုပ်ပိုင်ခွင့် အာဏာများ တိုက်ဆိုင် ထပ်တူကျနေသည့် နယ်ပယ်များ ရှိနိုင်သော်လည်း များသောအားဖြင့် ၎င်းတို့၏ စီရင်ပိုင်ခွင့်များမှာ တစ်ခုနှင့် တစ်ခု လွတ်လပ်စွာ တည်ရှိနေတတ်ပါသည်။ အမှုအခင်းများကို မူလအမှုစစ်တရားရုံး (Trial Court) များတွင် စတင်ကြားနာပြီး သက်ဆိုင်ရာ တရားရုံးစနစ်၏ အမြင့်ဆုံး တရားရုံးထိတိုင် အယူခံဝင်နိုင်သည်။ ပြည်ထောင်စုနှင့် ပြည်နယ် အဆင့်များရှိ တရားရုံးစနစ် များသည် ၎င်းတို့၏ ဥပဒေပြုအာဏာက ပေးအပ်ထားသည့် နယ်ပယ်များအပေါ်တွင် စီရင်ပိုင်ခွင့် အာဏာများ ရှိကြပါသည်။ ဖွဲ့စည်းတည်ဆောက်သည့် ပုံစံအမျိုးအမျိုးပေါ်မူတည်၍ ပြည်နယ် တရားရုံးချုပ်များ တွင် စတင် ကြားနာခဲ့သော အမှုများကို ပြည်ထောင်စု တရားရုံးချုပ်မှ အယူခံကြားနာနိုင်သည်များ လည်း ရှိသလို (ဥပမာ - ဩစတြေးလျ)၊ မကြားနာနိုင်သည်များလည်း ရှိပါသည် (ဥပမာ - အမေရိကန် ပြည်ထောင်စု)။ ဩစတြေးလျကဲ့သို့ ပြည်ထောင်စု တရားရုံးချုပ်မှ ပြည်နယ်တရားရုံးချုပ်များရှိအမှုများကို အယူခံ ကြားနာနိုင်သည့် စနစ်မျိုးတွင် တပြေးညီ သက်ရောက်မှု (unifying effect) ရှိသည်ဟု ဆိုကြသည် (Saunders, 2019)။[1] ဥပဒေပြုအာဏာ ခွဲဝေမှုပေါ်မူတည်ပြီး အမှုအခင်းများကို တရားရုံးစနစ် ၂ မျိုးက

[1] တပြေးညီသက်ရောက်မှု (Unifying Effect) ဆိုသည်မှာ တစ်ဦးတစ်ယောက်ချင်းစီ၏ ဥပဒေအကာအကွယ်ရပိုင်ခွင့်ကို နိုင်ငံတစ်ဝှမ်းလုံးတွင် တတ်နိုင်သမျှ တစ်ညီတည့်တတ်တည်း သက်ရောက်မှုရှိအောင် အာမခံချက်ပေးခြင်းကိုဆိုလိုသည်။ ဥပမာ - ဥရောပသမဂ္ဂဝင်နိုင်ငံများမှ

ကိုင်တွယ်ကြားနာသည့်ပုံစံ ကွာခြားနိုင်ပါသည်။ အမေရိကန် ပြည်ထောင်စုတွင် အမှုအခင်း ၉၀ ရာခိုင်နှုန်းကျော်ကို ပြည်နယ်တရားရုံးစနစ်က ကြားနာဆုံးဖြတ်ပါသည် (Longley, 2020)။

ပြည်နယ်တရားရုံးဖွဲ့စည်းမှုများသည် ပြည်ထောင်စုအဆင့် တရားရုံးများဖွဲ့စည်းပုံများနှင့် ဆင်တူသည့် ကိစ္စရပ်များလည်း ရှိနိုင်သကဲ့သို့ ပြည်နယ်များက မိမိတို့၏တရားရုံးစနစ်များကို လွတ်လပ်စွာ စီမံထားရှိ နိုင်သည့်အားလျော်စွာ ၎င်းတို့စနစ်များဖြစ်သည့် ဖွဲ့စည်းပုံတည်ဆောက်ပုံ၊ လုပ်ငန်းစဉ်များ၊ တရားရုံးနှင့် တရားသူကြီး အရေအတွက်၊ စီရင်ပိုင်ခွင့်အာဏာ အစရှိသည်တို့တွင် မတူညီသော ကိုယ်ပိုင်သွင်ပြင် လက္ခဏာ ရပ်များလည်း သီးခြားရှိနေတတ်ပါသည်။ သို့သော် ထိုစနစ်များသည် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေမှ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများ (Constitutional Judicial Principles) နှင့်ကင်းကွာ၍ မရပေ (Saunders, 2019)။

## **ခွဲဝေ (သို့) ပေါင်းစပ်တရားရုံးစနစ်** (Shared or Integrated Court System)

ဤစနစ်တွင် တရားရုံးစနစ်အတွင်းရှိ အခြေခံအဆင့် တရားရုံးများကို ပြည်နယ်များက ဖွဲ့စည်းစီမံပြီး ပြည်ထောင်စုတရားရုံးချုပ်အပါအဝင် အယူခံတရားရုံးများ (courts of appeal)၊ အထက်တရားရုံး (superior courts) များကို ပြည်ထောင်စုအဆင့်မှ ဖွဲ့စည်းသည်။ တရားရုံးစနစ် တစ်ခုတည်းကို ပြည်ထောင်စုနှင့် ပြည်နယ် အစိုးရအဆင့် နှစ်ဆင့်က စီမံခန့်ခွဲမှုအာဏာ ခွဲခြားတာဝန်ယူထားခြင်း ဖြစ်သည့်အလျောက် ပြည်ထောင်စု တရားရုံးချုပ်မှ ပြည်နယ်တရားရုံးများတွင် စတင်သော အမှုများ၏ အယူခံမှုများကိုကြားနာနိုင်သည်။ အချို့သော နိုင်ငံများတွင် အထူးတလည် သတ်မှတ်ထားသော နယ်ပယ်အနည်းငယ်မှလွဲ၍ တရားရုံး အဆင့်ဆင့်တွင် မည်သူက မည်သည့်နယ်ပယ်ကိုသာ ကြားနာနိုင်သည်ဟု သီးခြားခွဲမထားပဲ များသောအားဖြင့် တရားရုံးအားလုံးက အမှုသဘာဝ၊ ပြည်ထောင်စု/ပြည်နယ် ဥပဒေမခွဲခြားပဲ ကြားနာစစ်ဆေးနိုင်သည်။

ဤစနစ်မှာ ဒီဇိုင်း ၃ မျိုးထဲတွင် အသွေးအရောင် အကွဲပြားဆုံးဟုဆိုနိုင်သည်။ အထက်ပါအပိုဒ်မှ ယေျဘုယျလက္ခဏာများမှလွဲ၍ မည်သို့မည်ပုံ ခွဲဝေသည်၊ ပေါင်းစပ်သည် ဆိုသည့်အချက်များသည် နိုင်ငံအလိုက် ကွဲပြားခြားနားလျှက်ရှိပါသည်။ အရေးကြီးသည်မှာ စီမံခန့်ခွဲမှု၊ တရားသူကြီး ခန့်အပ်မှုနှင့် လခပေးသည့် နေရာများတွင် အစိုးရနှစ်ဆင့်အကြား မည်သို့ခွဲဝေသနည်း၊ မည်သို့ပေါင်းစပ်သနည်းဟူသည့် မေးခွန်း ပင်ဖြစ်သည်။ ဤစနစ်ကိုကျင့်သုံးရာတွင် နိုင်ဂျီးရီးယား၊ အိန္ဒိယ၊ ဂျာမနီနှင့် ကနေဒါနိုင်ငံတို့မှာ ထင်ရှားသည့် ဥပမာများပင်ဖြစ်သည်။ ပြည်နယ်တရားရုံးချုပ်များတွင် ရုံးထိုင်မည့် တရားသူကြီးများကို ခန့်အပ်ရာတွင် ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်လွှတ်တော် အစရှိသူတို့ထံမှ အကြံပြုချက် ရယူပြီး သမ္မတ၊

---

စတင်ကြားနာသော အမှုများတွင် အခြေခံလူ့အခွင့်အရေးနှင့် ပတ်သက်လာလျှင် ဥရောပသမဂ္ဂတစ်ခုလုံး တစ်ပြေးညီဖြစ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဥရောပလူ့အခွင့်အရေးဆိုင်ရာ တရားရုံး (European Court of Human Rights) သို့ အယူခံတက်ခွင့်ပေးခြင်းမျိုးဖြစ်သည်။

တရားရုံးချုပ်၊ အထက်လွှတ်တော် စသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ခန့်အပ်တာဝန်ပေးခြင်းမျိုး ရှိသကဲ့သို့ (ဥပမာ - အိန္ဒိယနိုင်ငံကို ကြည့်ပါ)၊[2] ပြည်ထောင်စုအဆင့် တရားသူကြီးများခန့်အပ်ရေးတွင် ပြည်နယ်များမှ တိုက်ရိုက်ပါဝင် ပတ်သက်ကြသည်များလည်း ရှိပါသည်။ (ဥပမာ - ဂျာမနီ ကိုကြည့်ပါ)[3] နိုင်ဂျီးရီးယားတွင်မူ အမျိုးသားတရားရေးကောင်စီ (National Judicial Council) ၏အကြံပေးချက်ဖြင့် ပြည်ထောင်စု တရားသူကြီး များကို သမ္မတမှလည်းကောင်း ပြည်နယ်တရားသူကြီးများကို ပြည်နယ်အုပ်ချုပ်ရေးမှူးမှ လည်းကောင်း အဆိုပြုပြီး ပြည်ထောင်စု အထက်လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များမှ အသီးသီးအတည်ပြု ခန့်အပ် ကြသည်။[4] ကနေဒါတရားရုံးချုပ်တွင် တရားသူကြီး ကိုးဦးသည် ပြည်နယ်လေးခုကို ကိုယ်စားပြုရမည်ဖြစ်ပြီး သုံးဦးသည် ပြင်သစ်စကားပြော ကေးဘက် (Quebec) ပြည်နယ်မှတရားသူကြီးများ ဖြစ်ရမည်ဟု ပြဋ္ဌာန်း ထားပါသည် (Department of Justice, Canada)။[5] အချို့သောစနစ်များတွင် ပြည်နယ်တရားရုံးချုပ် (High Court) အချို့သည် ပြည်နယ်တစ်ခု ထက်ပို၍ စီရင်ကြားနာနိုင်သည့်အပြင် ပြည်ထောင်စုနယ်မြေများတွင်ပါ ကြားနာစီရင်နိုင်သော အာဏာ အပ်နှင်းထားခြင်းမျိုးလည်း ရှိပါသည်။ ဥပမာ အိန္ဒိယရှိ ဂူဝါဟတီ တရားရုံးချုပ် (High Court) သည် ပြည်နယ်လေးခုအတွက် ကြားနာစီရင်နိုင်ပါသည်။

ထိုသို့ တရားသူကြီးခန့်အပ်မှုပုံစံများ အမျိုးမျိုးရှိသည့်အပြင် ဖက်ဒရယ်စနစ်အတွင်း ထည့်သွင်း တည်ဆောက်ထားသော တရားရေးမဟုတ်သည့် အခြားသောမဏ္ဍိုင်အဖွဲ့အစည်းများ၏ ဖွဲ့စည်းတည်ဆောက်ပုံ ဒီဇိုင်းများကလည်း တရားသူကြီးခန့်အပ်မှုပုံစံအပေါ် လွှမ်းမိုးမှုများရှိပါသည်။ ဂျာမနီနိုင်ငံတွင် ပြည်ထောင်စုတရားသူကြီးများကို ရွေးချယ် ခန့်အပ်သည့် ပြည်ထောင်စုအဆင့် လွှတ်တော်ကော်မီတီတွင် ပြည်နယ်များမှ တရားရေးဝန်ကြီးများက အဖွဲ့ဝင် အဖြစ် ပါဝင်နေသကဲ့သို့၊ ဖွဲ့စည်းပုံခုံရုံး၏ တရားသူကြီးအရေအတွက် တစ်ဝက်ကို ခန့်အပ်ပိုင်ခွင့်ရှိသော ပြည်ထောင်စုအဆင့် အထက်လွှတ်တော်ကို လူထုက တိုက်ရိုက်ရွေးကောက် တင်မြှောက်ထားခြင်း မဟုတ်ပဲ ပြည်နယ် အစိုးရများမှ အချိုးကျ၊ တိုက်ရိုက်စေလွှတ်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ခန့်အပ်မှုများကို အကြံပေးနိုင်သော အထူးအဖွဲ့အစည်းများ (ဥပမာ - နိုင်ဂျီးရီးယား အမျိုးသား တရားရေးကောင်စီ) မည်သို့ဖွဲ့စည်း၊ ခန့်အပ်၊ လည်ပတ်သည်ဆိုသည့်အချက်ကလည်း ထပ်တူထပ်မျှ အရေးကြီးလှပါသည်။ သို့ဖြစ်ရာ တရားရုံးအဆင့်နှစ်ဆင့်ယှဉ်စနစ် (Dual Court System)၊ တရားရုံးစနစ် တစ်ခုတည်းစနစ်များ (Single Court Hierarchy) ထက် ခွဲဝေပေါင်းစပ်တရားရုံးစနစ် (Shared or Integrated System) ကို အသာပေးဆွေးနွေးမည်၊ ဒီဇိုင်းရေးဆွဲကြမည် ဆိုပါက အုပ်ချုပ်ရေး၊ ဥပဒေပြုရေး

[2] အိန္ဒိယ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၅၊ ပုဒ်မ ၂၁၇၊ ပြည်နယ်တရားရုံးချုပ် တရားသူကြီးခန့်အပ်ခြင်း

[3] ဂျာမနီဖက်ဒရယ်သမ္မတနိုင်ငံ အခြေခံဥပဒေ ပုဒ်မ ၉၅ (၂)၊ ဖက်ဒရယ် တရားရုံးချုပ်များ

[4] နိုင်ဂျီးရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၇၊ ပုဒ်မ ၂၃၁ နိုင်ဂျီးရီးယားတရားရုံးချုပ်

မဏ္ဍိုင်များ၏ ဖွဲ့စည်းလည်ပတ်ပုံနှင့် ယင်းမဏ္ဍိုင်တွင်ဆက်စပ်ပါဝင်သူအားလုံးကို ကောင်းမွန်စွာ သဘောပေါက်ထားသင့်သည်။

မတူညီသောယဉ်ကျေးမှု၊ ကွဲပြားခြားနားသည့် နောက်ခံရာဇဝင်၊ နိုင်ငံရေးနှင့် သမိုင်းအချိုးအကွေ့များ၊ တရားရေး အလေ့အထများ၊ အစရှိသည်တို့သည် ဖက်ဒရယ် နိုင်ငံတစ်ခုချင်းစီအတွက် သီးခြားသွင်ပြင်စရိုက် လက္ခဏာပေါ်ပေါက်စေနိုင်သည်။ (Saunders, 2019)

## **တစ်မိုးအောက်တရားရုံးစနစ် (သို့) တရားရုံးစနစ် တစ်ခုတည်းစနစ်** (Single Court Hierarchy)

တရားရုံးစနစ် တစ်ခုတည်းစနစ်တွင် တရားစီရင်ရေးအာဏာအားလုံး သို့မဟုတ် အားလုံးနီးပါး ပြည်ထောင်စုအဆင့်တွင်သာ တည်ထားရှိပြီး ပြည်နယ်အဆင့်ရှိ တရားရုံးချုပ်တရားသူကြီးများကို ခန့်အပ် နိုင်သော အာဏာသည် များသောအားဖြင့် ပြည်ထောင်စုအဆင့်တွင်သာ ထားရှိသော စနစ်မျိုးဖြစ်သည်။ အဆိုပြုသူ၊ အကြံပေးရသူ၊ အတည်ပြု ခန့်အပ်သူ အစရှိသဖြင့် ပါဝင်ဆောင်ရွက်လျှက်ရှိသော အမျိုးမျိုးသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ (ဥပမာ သမ္မတ၊ လွှတ်တော်၊ တရားသူကြီးချုပ်၊ တရားရေးကောင်စီ စသဖြင့်) တို့သည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသာ ဖြစ်လေ့ရှိသည်။ ဤစနစ်ကို ကျင့်သုံးသော နိုင်ငံများ၏ တရားစီရင်ရေးမဏ္ဍိုင်သည် ဖက်ဒရယ်စနစ်ထက် တစ်ပြည်ထောင်စနစ် ကျင့်သုံးသည့်နိုင်ငံသာသာဖြစ်သွားသည်ဟု မှတ်ယူနိုင်သည်။

ထင်ရှားသော ဥပမာများအဖြစ် တောင်အာဖရိကနိုင်ငံ၊ နီပေါနိုင်ငံတို့ ဖြစ်ပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ကျင့်သုံးနေသော မြန်မာနိုင်ငံသည်လည်း ယင်းသို့သော နိုင်ငံများတွင် တစ်ခုအပါအဝင် ဖြစ်သည်။ တရားရုံးစနစ်သည် တစ်ခုတည်းဖြစ်သောကြောင့် ပြည်ထောင်စုတရားရုံးချုပ် သည် တရားရေးစနစ် တစ်ခုလုံး၏ ဦးသျှောင် ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သီးခြားခုံရုံး ဖွဲ့စည်း တည်ထောင် ထားသည့် အခါမျိုးမှအပ ထိုပြည်ထောင်စုအဆင့် တရားရုံးချုပ်သည် ၎င်း၏ (ပြည်နယ်အဆင့်အပါအဝင်)လက်အောက်ခံ အထွေထွေတရားရုံးများ၊ စစ်ဘက်ဆိုင်ရာတရားရုံး၊ အခွန်တရားရုံး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆိုင်ရာ တရားရုံး အစရှိသည့် အထူးတရားရုံးများ၊ အချို့သော စနစ်များတွင် အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၊ လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေး ကော်မရှင် အစရှိသည့် တရားစီရင်ရေးသဘောဆောင်သည့် အဖွဲ့အစည်းများ (Semi-judicial Body) ၏ ဆုံးဖြတ်ချက် များကို စောဒက တက်ရောက်သော အယူခံမှုများကို ကြားနာနိုင်ပါသည်။

နီပေါနိုင်ငံတွင် ပြည်ထောင်စုတရားသူကြီးချုပ်မှလွဲ၍ အခြားတရားသူကြီးအဆင့်ဆင့်ကို ခန့်အပ်၊ ထုတ်ပယ်ရာတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျှက်ရှိသည့် အမျိုးသားတရားရေးကောင်စီကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ သို့မဟုတ် ထိုအဆင့်တွင် ပါဝင်လျှက်ရှိသော လူပုဂ္ဂိုလ်များ ဖြင့်သာ ထည့်သွင်းဖွဲ့စည်းထားပါသည်။ တောင်အာဖရိက နိုင်ငံ၏ တရားရေးစနစ်သည် ဖက်ဒရယ်စနစ်ဆိုသည်ထက်

တစ်ပြည်ထောင်စနစ် ပိုဆန်သည်ဟု ဆိုနိုင်ပါသည်။ ယင်းစနစ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲစဉ်အခါက ဆွေးနွေးမှုများ ပြုလုပ်ရာတွင် အာဖရိက အမျိုးသား ကွန်ဂရက် (African National Congress) က ရာစုနှစ် သုံးခုရှည်ကြာ လူမျိုးရေး အခြေခံဖိနှိပ်မှု အမြစ်တွယ်ခဲ့သည့် လူ့အဖွဲ့အစည်းကို ပြန်လည် အသွင်ပြောင်းရန် အတွက် အားကောင်းသော ဗဟိုအစိုးရ တစ်ရပ် တည်ရှိရန်လိုအပ်သည် ဟူသော ရပ်တည်ချက်မှ ထွက်ပေါ်လာသော ရလာဒ်တစ်ခုဖြစ်သည်။ စစ်တပ်မှ အာဏာတစ်စိတ်တစ်ပိုင်း ရယူထားသော မြန်မာနိုင်ငံ၏ ၂၀၀၈ အခြေခံဥပဒေအောက်တွင်မူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော်များအတွက် တရားသူကြီးများကို သမ္မတက ခန့်အပ်ပြီး သက်ဆိုင်ရာ လွှတ်တော်များက အရည်အချင်းမပြည့်မီသည့်အကြောင်းမှလွဲ၍ အခြားအကြောင်းနှင့် ပယ်ချခွင့်မရှိပေ။

အဓိကမှတ်သားစရာများ

- တရားရုံး ၂ ဆင့်ယှဉ်စနစ်တွင် တရားရုံးများဖွဲ့စည်းခြင်းနှင့် လည်ပတ်ခြင်း၊ တရားသူကြီးများ ခန့်အပ်ခြင်းများအတွက် ပြည်ထောင်စုနှင့်ပြည်နယ် အဆင့်တို့သည် မိမိတို့အဆင့်အလိုက် တာဝန်ယူဆောင်ရွက်ကြသည်။ တရားစီရင်ခွင့်အာဏာများမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှပေးအပ်ထားသော အာဏာခွဲဝေမှုအတိုင်းဖြစ်သည်။ ပြည်နယ်တရားရုံးများတွင် စတင်ကြားနာသော အမှုများကို ပြည်ထောင်စုတရားရုံးချုပ်အထိ အယူခံဝင်ခွင့်ရှိသည့်စနစ်ရှိသကဲ့သို့ မရှိသည့်စနစ်လည်းရှိသည်။
- ခွဲဝေ (သို့မဟုတ်) ပေါင်းစပ်စနစ်သည် အရောင်အသွေးကွဲပြားမှုအများဆုံးဖြစ်သည်။ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့်တရားရုံးများ ဖွဲ့စည်းခန့်အပ် လည်ပတ်မှုများ၊ ဘဏ္ဍာငွေကြေး ထောက်ပံ့မှုများတွင် အခြားအဆင့်မှ ပါဝင်ပတ်သက် လွှမ်းမိုးမှုများရှိတတ်ပါသည်။ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးမဏ္ဍိုင်အဖွဲ့အစည်းများ ဖွဲ့စည်းတည်ဆောက်ပုံများကိုလည်း ဆက်စပ်စဉ်းစားသင့်ပါသည်။
- ပြည်ထောင်စုအဆင့်မှပင် ပြည်နယ်တရားရုံးများကို ဖွဲ့စည်းခန့်အပ် စီမံသည့် တရားရုံးတစ်ဆင့်တည်းစနစ်သည် တရားစီရင်ရေးကဏ္ဍတွင် ဖက်ဒရယ်စနစ်ကျင့်သုံးသည် ဆိုခြင်းထက် တစ်ပြည်ထောင်စနစ်ကျင့်သုံးနေခြင်းသာဖြစ်သည်ဟု မှတ်ယူနိုင်သည်။

## **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှု** (Constitutional Review)

ဖွဲ့စည်းပုံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း (Constitutional Review)၊ ဆိုသည်မှာ နိုင်ငံ၏ ပြဋ္ဌာန်းဥပဒေများ (သို့မဟုတ်) အုပ်ချုပ်ရေးယန္တရား၏ လုပ်ဆောင်ချက်များ၊ ဆုံးဖြတ်ချက်များသည်

ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ကိုက်ညီမှုရှိမရှိကို အကဲဖြတ်ခြင်းဖြစ်သည်။ ဤသို့ပြန်လည်သုံးသပ် အကဲဖြတ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံချက်ပေးထားသော အခွင့်အရေးများ ချိုးဖောက်ခံရခြင်းမှ ကာကွယ် တားဆီးရာတွင် အထောက်အပံ့ဖြစ်စေသည့် ထိရောက်မှုရှိသော စနစ်တစ်ခုဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ခြင်းကို အာဏာခွဲဝေကျင့်သုံးမှု (Separation of Power)၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self Determination)၊ လူတစ်ဦးတစ်ယောက်ချင်းစီ၏ မူလအခွင့်အရေးများ (Individual Rights)အတွက် နိုင်ငံရေးအာမခံချက် ပေးနိုင်သည့် ပုံစံတစ်ခုအဖြစ် လက်ခံထားကြပါသည်။ နိုင်ငံအလိုက် ပြည်ထောင်စု တရားရုံးချုပ်မှဖြစ်စေ၊ ပြည်ထောင်စုတရားရုံးချုပ်နှင့် တရားရုံးများအားလုံး (သို့မဟုတ်) ပြည်နယ်တရားရုံးချုပ် များမှဖြစ်စေ၊ အခေါ်အဝေါ်အမျိုးမျိုးကွဲပြားနေလင့်ကစား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အထူးတရားရုံး၊ ခုံရုံး၊ ကောင်စီများမှဖြစ်စေ၊ အခြားပုံစံတစ်ခုခုနှင့်ဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြန်လည်သုံးသပ်ခြင်း လုပ်ငန်း စဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ကြပါသည်။

ယနေ့ခေတ် ဒီမိုကရေစီ နိုင်ငံများ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းသည် တရားဥပဒေ စိုးမိုးရေး (Rule of Law) ၏ မဏ္ဍိုင်တစ်ခုဖြစ်လာပြီး ယေဘုယျအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အုပ်ချုပ်မှု (Constitutional Government) ခိုင်မာ အားကောင်းရန် အတွက်လည်း အရေးပါလာသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အရ ပြန်လည်သုံးသပ်ခြင်းပုံစံ ခြောက်မျိုးရှိသည် (Mavciv, 2008)။ ၎င်းတို့မှာ -

၁။ အမေရိကန် သို့မဟုတ် ဒွေးရာယှက်တင် ပြန်လည်သုံးသပ်မှုပုံစံ (American OR Diffuse Model) (ဥပမာ အမေရိကန်ပြည်ထောင်စု၊ မလေးရှား၊ ကနေဒါ)

၂။ ဥရောပပုံစံ သို့မဟုတ် ပြန်လည်သုံးသပ်မှုအာဏာကိုစုစည်းထားသောပုံစံ (European/Austrian OR Concentrated Model) (ဥပမာ ဂျာမနီ၊ သြစတြီးယား၊ အီတလီ၊ တောင်ကိုရီးယား)

၃။ ရောနှောပုံစံ - အထက်ပါစနစ်နှစ်ခု ပေါင်းစပ်ထားသောပုံစံ (Mixed: Diffuse and Concentrated Model) (ဥပမာ- ပေါ်တူဂီ၊ ဂရိ၊ ဆွစ်ဇာလန်)

၄။ ပြင်သစ်ပုံစံ ဖွဲ့စည်းပုံဥပဒေဆိုင်ရာကောင်စီ (The Model of French Constitutional Council) (ဥပမာ - ပြင်သစ်၊ မော်ရိုကို)

၅။ ဓနသဟာယပုံစံအသစ် (The New Commonwealth Model) (ဥပမာ အာဖရိက ရှိ မောရိရှ) နှင့်

၆။ ဖွဲ့စည်းပုံဥပဒေ ဆိုင်ရာ ပြန်လည်သုံးသပ်မှု အခြားပုံစံများ (Other Form of Constitutional Review Model) (ဥပမာ - အီသီယိုးပီးယား) တို့ဖြစ်ကြသည်။

ယခုတင်ပြမှုမှာ အမြဲတစေမှန်သည်ဟု မဆိုနိုင်သော်လည်း ယေဘုယျအားဖြင့် အင်္ဂလိပ်ရိုးရာဥပဒေ (Common Law) စနစ်ကို ကျင့်သုံးသောနိုင်ငံများတွင် ဒွေးရောယှက်တင် (သို့မဟုတ်) အမေရိကန် ပုံစံကို ကျင့်သုံးကြပြီး ရောမ-ဂျာမန် ဥပဒေ (Civil Law) စနစ် ကျင့်သုံးသောနိုင်ငံများတွင် စုစည်းထားသော ပုံစံ (Concentrated Model) ကို ကျင့်သုံးကြလေ့ရှိသည် (Saunders ၂၀၁၉)။

ဒွေးရောယှက်တင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်မှုဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေအား ပြန်လည်သုံးသပ်ရန် သီးသန့်တရားရုံးမထားရှိပဲ အရပ်ဘက်တရားစီရင်ရေးစနစ်အတွင်းမှ တရားရုံးများ အားလုံး (သို့မဟုတ်) တရားရုံးချုပ် (သို့မဟုတ်) တရားရုံးချုပ်နှင့် အထက်တရားရုံးများ (Superior Courts) များအပေါ် ယင်းအခွင့်အာဏာကို အပ်နှင်းထားသော စနစ်ဖြစ်သည်။ တစ်ခုထက် မကသော တရားရုံးများ လက်ဝယ်တွင် ထိုအာဏာမျိုးရှိနိုင်သော်လည်း ပုံမှန်တရားစီရင်ရေးစနစ်ကဲ့သို့ပင် ပြည်ထောင်စု တရားရုံးချုပ်မှာ ဦးဆောင်ဖြစ်ပြီး အပြီးသတ်ဆုံးဖြတ်နိုင်သည့် အာဏာရှိပေသည်။ အထွေထွေတရားရုံးစနစ်ကို အသုံးပြုမည်ဆိုပါက တရားရုံးဖွဲ့စည်းမှု၊ တရားသူကြီးခန့်အပ်မှု၊ သက်တမ်း၊ တရားရုံးလုပ်ငန်းစဉ် အစရှိသည်တို့ကို သီးသန့် ဒီဇိုင်းဆွဲရန် မလိုအပ်နိုင်တော့ပေ။ သို့ရာတွင် ယင်းအာဏာ ရှိသော တရားရုံးများ (သို့မဟုတ်) အယူခံအဆင့်ဆင့်မှ အထက်ပိုင်းတရားရုံးများသည် အများအားဖြင့် ပြည်ထောင်စုအဆင့်မှ ခန့်အပ်လည်ပတ် သော ဖက်ဒရယ်/ ပြည်ထောင်စုအဆင့် တရားရုံများဖြစ်နေပေရာ ပြည်နယ်များ၏ သဘောဆန္ဒ လွှမ်းမိုးနိုင်မှု၊ ပြည်နယ်များ၏ သဘောဆန္ဒကို ကိုယ်စားပြုနိုင်စွမ်း ရှိမရှိ အစရှိသည့် အချက်များသည် ထည့်သွင်းစဉ်းစား ရမည့်အချက်များပင် ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်နိုင်သော အာဏာကို တစုတစည်းတည်း ထားရှိသော စနစ်မှာ အထက်ပါပုံစံနှင့်မတူပဲ အဆိုပါတာဝန်နှင့် အာဏာကို သီးသန့်တရားရုံးဖွဲ့၍ အပ်နှင်းထားခြင်း ဖြစ်သည်။ သီးသန့်ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်သည့်အလျောက် အထက်တွင်ဖော်ပြခဲ့သော ဖွဲ့စည်းမှု၊ ခန့်အပ်မှု၊ သက်တမ်း၊ လုပ်ငန်းစဉ် စသည်တို့မှာ သီးသန့်ဖြေရှင်းရမည့် ကိစ္စရပ်များဖြစ်လာသည်။ တစ်ဖက်တွင် အဆိုပါစနစ်၏အားသာချက်မှာ အထွေထွေ တရားရုံးစနစ်ပုံစံ မည်သို့ပင်ရှိနေစေကာမူ ဖက်ဒရယ်အာဏာခွဲဝေမှုကို အဓိကအဆုံးအဖြတ်ပေးမည့် ထိုသီးသန့်တရားရုံးကို ပြည်နယ်များ၏ လွှမ်းမိုး ကိုယ်စားပြုမှုများ ပါဝင်စေရန် ဒီဇိုင်းရေးဆွဲနိုင်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း ပြည်နယ်များ၏ လွှမ်းမိုးမှုအနည်းဆုံးနှင့် ပြည်ထောင်စုအဆင့်ကသာ လွှမ်းမိုးချုပ်ကိုင်နိုင်သည့် ပုံစံလည်း ဖြစ်ပေါ်စေနိုင်ပါသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက် အဓိပ္ပါယ် ဖွင့်ဆိုခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို စီစစ်ဆုံးဖြတ်ပေးသည့် သီးခြားတရားရုံးတစ်ရုံးအဖြစ် တည်ထောင်ထားခြင်း ဖြစ်သည်။ ဤခုံရုံး၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ အငြင်းပွားမှုများနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များသည် နောက်ဆုံး အပြီးအပြတ်လည်းဖြစ်သည်။ ထို့ကြောင့် အထွေထွေ

တရားရုံးများအနေဖြင့် ထိုသီးသန့်တရားရုံး၏ ဆုံးဖြတ်ချက်များကို စွက်ဖက်ပိုင်ခွင့်မရှိကြပေ။ အထွေထွေ တရားရုံးများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးများ၏ စီရင်ဆုံးဖြတ်မှုကို ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိသည်မှာမှန်သော်လည်း အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး အာဏာပိုင်များ၏ ဝင်ရောက်စွက်ဖက်မှုများမှ ကာကွယ်နိုင်ရန်အတွက် ဖက်ဒရယ်တရားစီရင်ရေးစနစ်တွင် အစီအမံများထားရှိသင့်သည်။

ရေးသားအတည်ပြု ပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရခက်ခဲအောင် ပြုလုပ် ထားသော နိုင်ငံအများစုတွင် တရားစီရင်ရေး အဆင့်ဆင့်နှင့် တရားစီရင်ရေး၏ အမြင့်ဆုံး စံနှုန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်း ဖော်ပြထားတတ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံဥပဒေ (Basic Law)၊ အမြင့်ဆုံး ဥပဒေ (Supreme Law) စသဖြင့် အမျိုးမျိုး ခေါ်ဝေါ်ပါသည်။ ထို့အပြင် အခြားခြားသော ဥပဒေ များနှင့် မတူပဲ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရာတွင် ပိုမိုခက်ခဲစေရန်အတွက် အထူးလုပ်ထုံးနည်းများ ထားရှိကြပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည် သုံးသပ်ခြင်း” ဟူသော ဝေါဟာရသည် “အင်္ဂလိပ်ရိုးရာဥပဒေစနစ်” (Common Law System) စနစ်မှ ဆင်းသက်လာသော သဘောတရားဖြစ်သည်ဟု ယူဆ ကြသော်လည်း နောက်ခံသမိုင်းကြောင်းကို လေ့လာ ကြည့်ပါမူ အက္ခရာတင်ထားသောဖွဲ့စည်းပုံ အခြေခံဥပဒေရှိသည့် နိုင်ငံများ၊ အထူးသဖြင့် ဥရောပနိုင်ငံများမှ ဆင်းသက်လာသည်ကို တွေ့နိုင်ပါသည်။ ဥပမာအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုက်ရိုက်အခြေခံသည့် “ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ သုံးသပ်” မှု ပြုလုပ်သည့် နိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး ယင်းကို Marbury v. Madison ၁၈၀၃ စီရင်ထုံးတွင် တွေ့နိုင်ပါသည်။

အမေရိကန် (သို့မဟုတ်) ဒွေးရောယှက်တင် ပြန်လည်သုံးသပ်မှုပုံစံတွင်၊ တရားစွဲဆိုမှုများ၊ ပြဋ္ဌာန်းဥပဒေများ၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အစီအမံများ၊ ဆုံးဖြတ်ချက်များ သည် ဖွဲ့စည်းပုံ အခြေခံဥပဒေ နှင့်ကိုက်ညီမှုရှိမရှိ အများသဘောတူ သတ်မှတ်ထားသည့် ဘုံလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည် သုံးသပ် နိုင်သည့် အာဏာကို ဖက်ဒရယ်တရားရုံးများ တနည်း အားဖြင့် ပြည်နယ်အဆင့် တရား ရုံးချုပ်များ လက်ဝယ်အပ်နှင်းထားသည်။ ယင်းကဲ့သို့ပုံစံကို အမေရိကတိုက်အလယ်ပိုင်းနှင့် တောင်အမေရိကတိုက်ရှိ နိုင်ငံအများ အပြားတွင် တွေ့ရတတ်သည်။

ဤပုံစံ၏အခြားထူးခြားချက်မှာ တရားသူကြီးများနှင့် တရားရုံးများအားလုံးတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ/ တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ် နိုင်သည့် စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းထားခြင်းမျိုး ဖြစ်သည်။ ယင်းသို့ ဖွဲ့စည်းပုံ/တရားစီရင်ရေး ဆိုင်ရာ ပြန်လည်သုံးသပ် ချမှတ်သည့် အမိန့်ဆုံးဖြတ်ချက်များသည် အများအားဖြင့် နှစ်ဖက်အမှုသည်များ အကြားတွင်သာ အကျိုးသက်ရောက်လေ့ ရှိပါသည်။ ယင်းသို့ ပြန်လည်သုံးသပ်ကြားနာပြီး စီရင်ဆုံးဖြတ်ရာတွင် ဥပဒေတစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်ကြောင်း အချက်အလက်ထင်ရှားလျှင် ပျက်ပြယ်ကြောင်း ကြေညာသည်အထိ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ အမေရိကန်ပြည်ထောင်စုတွင်တရားရုံးက ဤကဲ့သို့ဆုံးဖြတ်လျှင် ယင်းကဲ့သို့ဆုံးဖြတ်ချက်များသည် နောက်ကြောင်းပြန် အာဏာသက်ရောက်မှု

ရှိပါသည်။[6] ယင်းသို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားစီရင် ရေး၏ အမြင့်ဆုံး အာဏာအပ်နှင်းထားသော တရားရုံးချုပ် (သို့မဟုတ်) တရားလွှတ်တော်များ နှင့်တန်းတူ လက်အောက်ခံ/တဆင့်ခံ တရားရုံးများ လက်ဝယ်သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ/တရားစီရင်ဆိုင်ရာ ပြန်လည်သုံးသပ်သည့် အာဏာ အပ်နှင်းသည့် အမေရိကန်ပုံစံ သို့မဟုတ် ဖြန့်ကျက်ထားမှုပုံစံကို လက်ခံကျင့်သုံးသည့် နိုင်ငံပေါင်း ၅၄ နိုင်ငံ ရှိပါသည်။

နယ်သာလန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၂၀ တွင် ပါလီမန်မှ အတည်ပြု ပြဋ္ဌာန်းထားသော ဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှု ရှိမရှိကို တရားရုံးများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းကို ပြုလုပ်ခွင့်မရှိကြောင်း အတိအလင်း တားမြစ်ထားပါသည်။ ဤသို့ပိတ်ပင်ရသည့် အဓိကအကြောင်းရင်းမှာ တရားရေးမဏ္ဍိုင်သည် ဥပဒေပြုရေးမဏ္ဍိုင်၏ အာဏာနှင့် အခွင့်အရေးကို ဝင်ရောက်စွက်ဖက်ခြင်း မပြုရဟူသော အာဏာခွဲဝေမှုဆိုင်ရာအယူအဆ (Separation of Power) အပေါ် မတူကွဲပြားသည့် အဓိပ္ပါယ်ကောက်ယူမှု မှထွက်ပေါ်လာခြင်း ဖြစ်သည်။

ထိုသို့ နယ်သာလန်နိုင်ငံတွင် တရားရုံးချုပ်က ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်ညီမညီ ပြန်လည် သုံးသပ်နိုင်သည့်အာဏာ မအပ်နှင်းရသည့် နောက်ထပ် အကြောင်းပြချက်မှာ နယ်သာလန် နိုင်ငံထူထောင်ခြင်းဆိုင်ရာ ကြေညာစာတမ်းနှင့် ဥပဒေဆိုင်ရာ အထွေထွေမူသဘောတရားများ ကြောင့် ဖြစ်သည်။

ဂျာမနီဖက်ဒရယ်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (Grundgesetz) အရ ဂျာမနီနိုင်ငံတွင် သီးခြားဖွဲ့စည်းပုံဥပဒေဆိုင်ရာတရားရုံး (Federal Constitutional Court of Germany)ကို ဖွဲ့စည်း တည်ထောင်ပြီး ယင်းတရားရုံးတွင် လွှတ်တော်၏ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုရှိမရှိကို ပြန်လည်သုံးသပ်နိုင်သည့် အခွင့်အာဏာအပ်နှင်းထားသည်။ ပြည်နယ် (Bundesländer) အများစုတွင်လည်း အဆိုပါရည်ရွယ်ချက်အတွက် သီးခြားတရားရုံးများ တည်ထောင်ထားရှိ ထားပါသည်။ ၎င်းတို့သည် တရားမနှင့် ရာဇဝတ်မှုဆိုင်ရာ အမှုကိစ္စရပ်များနှင့်ပတ်သက်ပြီး အယူခံမှု ဆိုင်ရာကိစ္စရပ်များကို မကိုင်တွယ်ဘဲ သီးခြားတရားလွှတ်တော်များ အဖြစ်တည်ရှိသည်။ ဂျာမနီ၏ ဖက်ဒရယ်ဖွဲ့စည်းပုံဥပဒေဆိုင်ရာ တရားရုံးသည် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မကိုက်ညီသော ဖွဲ့စည်းပုံပြင်ဆင်ချက်များကို (Verfassungswidriges Verfassungsrecht) ပြန်လည်သုံးသပ်နိုင်ပြီး ယင်းပြင်ဆင်ချက်ကို ပယ်ချနိုင်သည်။ အဆိုပါပြဋ္ဌာန်းချက်နှင့် အခွင့်အာဏာသည် အမေရိကန်နိုင်ငံ တရားလွှတ်တော်ချုပ် နှင့် ကနေဒါ နိုင်ငံ တရားလွှတ်တော်ချုပ်တို့တွင် မရှိပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်ကို လုပ်ထုံးလုပ်နည်းတကျ မှန်ကန်စွာဆောင်ရွက်ပါက (Procedure) မှန်ကန်ပါက ပြင်ဆင်ချက်ပါ အကြောင်းအရာ၏ အနှစ်သာရအပေါ်မူတည်၍

[6] အသားအရောင်ခွဲခြားသည့် ပြဋ္ဌာန်းချက်နှင့်ပက်သက်၍ ပြန်လည်သုံးသပ်၍ အမေရိကန်ပြည်ထောင်စု တရားရုံးချုပ်မှ နောက်ကြောင်းပြန် အာဏာသက်ရောက်ကြောင်းစီရင်ထုံးပြုခဲ့သော Teague v. Lane, 109 S. Ct. 1060 (1989)နှင့် ပြစ်မှုကျူးလွန်မှု တစ်ခုကို မြူနီစပယ်တရားရုံးနှင့် ပြည်နယ်တရားရုံးတိုမှ အပြိုင်တရားစွဲမှုတို့အပေါ်အမေရိကန်ပြည်ထောင်စု တရားရုံးချုပ် တွင်ရှေ့တော်သွင်းစာချွန်တော်တင်သွင်းသည့် Robinson v. Neil, 409 U.S. 505, 507 (1973) အမှုများကိုကြည့်ရှုနိုင်ပါသည်။

ယင်းပြင်ဆင်ချက်ကို တရားလွှတ်တော်ချုပ် (ဖက်ဒရယ် တရားရုံးချုပ်များ) မှ ၎င်းပြင်ဆင်ချက်ကို ပျက်ပြယ်ကြောင်းကြေညာခွင့်မရှိပေ။

အီသီယိုးပီးယား နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု ပုံစံသည် အခြားပုံစံဖြစ်သည်။ အီသီယိုးပီးယား နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား အနက်အဓိပ္ပါယ်ဖွင့်ဆိုခွင့်ကို အထက်လွှတ်တော် (တနည်းအားဖြင့်) ဖက်ဒရေးရှင်းလွှတ်တော်အား အပ်နှင်းထားပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများအားလုံးကို အထက်လွှတ်တော်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အငြင်းပွားမှုများဆိုင်ရာ ကောင်စီ (Council of Constitutional Inquiry) က ဆုံးဖြတ်ရမည်ဟု ပြဌာန်းထားသည်။[7] အထက်လွှတ်တော်နှင့် ကောင်စီတို့သည် နောက်ဆုံး အပြီးသတ်ဆုံးဖြတ် ပေးနိုင်သည့် အာဏာရှိသော်လည်း ယင်းအာဏာသည် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှု ရှိမရှိ အဆုံးအဖြတ်ပေးသည့် သီးသန့်အာဏာ မဟုတ်ပေ။

သို့သော်လည်း ပြည်ထောင်စုသို့မဟုတ် ပြည်နယ်ဥပဒေပြုလွှတ်တော်များက ထုတ်ပြန်သည့် ဥပဒေများ၊ အုပ်ချုပ်ရေးအဖွဲ့ (အစိုးရ အဖွဲ့) မှ ထုတ်ပြန်သည့် စည်းမျဉ်း စည်းကမ်းများ၊ ညွှန်ကြား ချက်များနှင့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များကို ကောင်စီနှင့် အထက်လွှတ်တော်တို့ကသာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုရှိမရှိ ထည့်သွင်းစဉ်းစားနိုင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီမညီ ပြန်လည်သုံးသပ်ပိုင်ခွင့် အာဏာ၏ အတိုင်းအတာ၊ တနည်းအားဖြင့် အဆိုပါစီရင်ခွင့် အာဏာသည် ကျယ်ပြန့်ပြီး အားကောင်းသလော၊ ကျဉ်းမြောင်းသလော ဟူသော အချက်သည်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေ အပါအဝင် သက်ဆိုင်ရာဥပဒေများ၊ တရားရေးဆိုင်ရာ ဓလေ့ထုံးစံနှင့် ကျင့်ထုံးများအပေါ် မူတည်ပါသည်။ အမေရိကန်ပြည်ထောင်စု၊ ဂျာမနီနှင့် အိန္ဒိယနိုင်ငံတို့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှု အားကောင်းသည်ကို တွေ့နိုင်သည်။ အိန္ဒိယ နိုင်ငံတွင် ပြည်ထောင်တရားရုံးချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ချက်များကိုပင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု ဆုံးဖြတ်ကာ အာဏာသက်ရောက်မှုမရှိအောင် တားဆီးနိုင်သည့် အာဏာ ရှိပါသည်။ အခြားတစ်ဖက်တွင် ယင်းသို့ ပြန်လည်သုံးသပ်နိုင်သည့် အာဏာ အားနည်းသော၊ ကျဉ်းမြောင်းသော နိုင်ငံများလည်း ရှိနေပါသည်။ ယင်းနိုင်ငံများတွင် ဗြိတိသျှဓနသဟာယ နိုင်ငံများတွင် အများဆုံး ပါဝင်ပြီး ယင်းနိုင်ငံများတွင် ဥပဒေပြု အဖွဲ့အစည်း များက တရားရုံး၏ စီရင်ဆုံးဖြတ်ချက်များကို လွှမ်းမိုး ပယ်ဖျက်နိုင်ပါသည်။ (Erdos, 2010)။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည် သုံးသပ်ခြင်း ယန္တရားသည် ထိရောက်သော လုပ်ငန်းစဉ် ဖြစ်ပါသလား သို့တည်းမဟုတ် ယင်းသည်

[7] ကောင်စီကို အီသီယိုးပီးယားအခြေခံဥပဒေ အခန်း ၉၊ ပုဒ်မ ၈၂ အရဖွဲ့စည်းပြီး ဖက်ဒရယ်တရားသူကြီးချုပ်၊ ဒုတိယ ဖက်ဒရယ်တရားသူကြီးချုပ်၊ အောက်လွှတ်တော်မှအကြံပြု၍ သမ္မတမှခန့်အပ်သော ဥပဒေပညာရှင်ခြောက်ဦးနှင့် ဖက်ဒရယ် အထက်လွှတ်တော်မှခန့်အပ်သော လွှတ်တော်အမတ် သုံးဦးတို့ဖြင့်ဖွဲ့စည်းသည်။

ဟန်ပြယန္တရားတစ်ခုသာ ဖြစ်ပါသလား ဟူသော် မေးခွန်းသည် နိုင်ငံတစ်ခုချင်းစီအလိုက် လေ့လာသုံးသပ်အဖြေရှာရမည့် မေးခွန်းပင်ဖြစ်ပါသည်။

အဓိကမှတ်သားစရာများ

- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်ရေးသည် တရားစီရင်ရေးမဏ္ဍိုင်၏ အရေးပါသော အာဏာတစ်ခုဖြစ်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်များကို ယင်းအာဏာပေးအပ်ထားသည့်စနစ်များရှိသကဲ့သို့ သီးသန့်ခုံရုံး (သို့မဟုတ်) ကောင်စီများဖွဲ့စည်းထားခြင်းမျိုးလည်းရှိသည်။ ယင်းသို့ သီးသန့်ခုံရုံး သို့မဟုတ် ကောင်စီများဖွဲ့စည်းရာတွင် တရားသူကြီးချုပ်အပါအဝင် တရားလွှတ်တော်ချုပ်မှ တရားသူကြီးအချို့နှင့်လည်းကောင်း လွှတ်တော်နှင့် သမ္မတတို့မှ အဆိုပြုသော ပုဂ္ဂိုလ်များဖြင့်လည်းကောင်း ပေါင်းစပ်ဖွဲ့စည်းခြင်းမျိုးလည်းရှိသည်။

## **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် ဖက်ဒရယ်စနစ်** (Constitutional Review and Federalism)

ယနေ့ခေတ် ဖက်ဒရယ်နိုင်ငံများတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေမှ တည်ဆောက်ရန် ဦးတည်ထားသော ဖက်ဒရယ်စနစ်နှင့် ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အကာအကွယ်ပေးရန်အတွက် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှုမှာ မရှိမဖြစ်အရေးပါလာသည်။ နိစ္စဓူဝ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများသည် ဖွဲ့စည်းပုံမှပြဋ္ဌာန်းသော အစိုးရအဆင့်ဆင့်ကြား ဖက်ဒရယ်အာဏာခွဲဝေမှုကို ပျက်ပြားစေရန် ဖြစ်နိုင်ချေမှာ အမြဲရှိနေသည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှုသည် ပြည်ထောင်စုအစိုးရမှ ပြည်နယ်များ၏အာဏာနှင့် အခွင့်အရေးများ ချိုးဖောက်ခံရမှုများကို တားဆီး အကာအကွယ်ပေးရန်အတွက် သာမက မည်သည့် အစိုးရအဆင့်တွင် ဖြစ်ပေါ် သည်ဖြစ်စေ ဖွဲ့စည်းပုံ အခြေခံ ဥပဒေမှ ပြဋ္ဌာန်းထားသော ဖက်ဒရယ်စနစ်နှင့် ဗီလာဆန့်ကျင်ဖြစ်မှုများ၊ ချိုးဖောက်မှုများကို တားဆီး အကာအကွယ်ပေးရန် အတွက်ကိုပါ ရည်ရွယ်ထားသင့်ပါသည်။

ဘောဂဗေဒနှင့် လူမှုရေးသိပ္ပံပညာရပ်များ၏ ရှုထောင့်တစ်ခု ဖြစ်သော အကြီးအကဲနှင့် ကိုယ်စားလှယ် သီအိုရီ (Principal & Agent Theory) ရှုထောင့်မှ ကြည့်လျှင် ဖက်ဒရယ်စနစ်ဆိုသည်မှာ ပြည်သူနှင့် အစိုးရ အဆင့်ဆင့် ကြားတွင် ရှိသည့် အလားတူဆက်ဆံရေးဟု ဆိုနိုင်သည်။ ပြည်သူလူထုမှာ အကြီးအကဲ (Principal) ဖြစ်ပြီး (ပြည်ထောင်စု၊ ပြည်နယ် နှင့် ဒေသန္တရ) အစိုးရအဆင့်ဆင့် သည် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် မိမိတို့ကိုယ်စား အလုပ်လုပ်ရန် တာဝန်ပေးခြင်းခံရသည့် ကိုယ်စားလှယ်များ ဖြစ်သည်။ သို့သော် ၎င်းသီအိုရီမှ ပေါ်လာသော ပြဿနာတစ်ရပ်မှာ အဓိကပုဂ္ဂိုလ်နှင့်

ကိုယ်စားလှယ်တို့သည် အလုပ်ကျွမ်းကျင်မှု၊ သတင်း အချက်အလက် ရရှိမှုတို့ မတူညီကြခြင်း (Information Asymmetry) ဖြစ်သည်။ ပြည်သူ၏ အကျိုးစီးပွားနှင့် ကိုယ်စားလှယ် နိုင်ငံရေးသမားများ၊ အစိုးရတာဝန်ရှိသူတို့၏ အကျိုးစီးပွားများ မတူညီကြသည့်အခါ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်အား လက်တွေ့ ကျင့်သုံးအကောင်အထည် ဖော်ရာတွင် ကွဲလွဲမှုများ၊ ချိုးဖောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံမှ ရည်ရွယ်သော ဖက်ဒရယ်စနစ်အား သွေဖီ ဆန့်ကျင်ချိုးဖောက်မှုများသည် ပြည်ထောင်စုအဆင့်မှ ဖြစ်ပေါ်နိုင်သကဲ့သို့ ပြည်နယ်အစိုးရများမှလည်း ဖြစ်ပေါ်နိုင်သည်။ ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စုမှ တရားသူကြီးချုပ် William Regnquist လက်ထက် *New York v. United States* အမှုတွင် လူကြိုက်နည်းသော မူဝါဒများနှင့် ပတ်သက်လျှင် ဖက်ဒရယ်အစိုးရကို အပြစ်ပုံချနိုင်ရန်အတွက် တစ်ခါတရံတွင် ပြည်နယ်အစိုးရတာဝန်ရှိသူများကိုယ်တိုင်က ပြည်ထောင်စုအစိုးရမှ ၎င်းတို့အား စွက်ဖက်ညွှန်ကြားစေလိုခြင်းများရှိနိုင်သည်ဟု တရားရုံးချုပ်မှ မှတ်ချက် ပြုခဲ့ပါသည်။ ပြည်နယ်အစိုးရတာဝန်ရှိသူများသည်လည်း ၎င်းတို့ကိုယ်ကျိုးအတွက်ဖြစ်စေ၊ ၎င်းတို့ အာဏာ ရယူထားသော ပြည်နယ်၏အကျိုးအတွက်ဖြစ်စေ (ဥပမာ - ပြည်ထောင်စုအဆင့်မှ ထောက်ပံ့ငွေများ ရလိုသောကြောင့် ပြည်ထောင်စုအစိုးရ၏ ဩဇာခံခြင်း) အခြေခံဥပဒေနှင့် သွေဖီနိုင်သည်ဟူသော အယူအဆမှာ ဖက်ဒရယ်စနစ်သည် ပြည်နယ်များ၏အခွင့်အရေး (States' Rights Theory) ဆိုသည်ထက် ပြည်နယ်များအားလုံး၏ ပြည်သူများအတွက်ဖြစ်သည် ဟူသော (Nationalist Theory of Federalism) နှင့် သဟဇာတဖြစ်သည်ကိုတွေ့ရသည် (McGinnis and Somin ၂၀၀၄)။

ရှားပါးသော ချွင်းချက်များအနေဖြင့် ဆွစ်ဇာလန်နိုင်ငံတွင် အစိုးရများ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီမညီကို ပြည်သူ့ဆန္ဒခံယူပွဲဖြင့်သော်လည်းကောင်း၊ အီသီယိုးပီးယားနိုင်ငံတွင် ဖက်ဒရေးရှင်းလွှတ်တော်ဟု ခေါ်တွင်သော အထက်လွှတ်တော်မှလည်းကောင်း ဆုံးဖြတ်ကြပါသည်။ သို့သော် အကြီးအကဲနှင့် ကိုယ်စားလှယ် သီအိုရီမှကြည့်လျှင် ပြည်သူများသည် ဖွဲ့စည်းပုံကို ချိုးဖောက်မှုများမှ ကာကွယ်ရန် (သို့မဟုတ်) ကျူးလွန်သူများကို အပြစ်ပေးရန် အသင့်တော်ဆုံးနေရာတွင် ရှိမနေကြချေ။ သတင်းအချက်အလက်နှင့် ကျွမ်းကျင်မှု မညီမျှခြင်းအပြင် နေ့စဉ်လူပြောများသော ပြည်သူ့ရေးရာ ကိစ္စရပ် များနှင့်စာလျှင် များစွာပို၍ရှုပ်ထွေးသော ဖက်ဒရယ်အာဏာခွဲဝေမှုနှင့် ဥပဒေရေးရာကိစ္စရပ်များကို ကိုင်တွယ် ရန်အတွက်လည်း ပြည်သူလူထုတွင် ကောင်းမွန်သောအခြေအနေမရှိကြပေ။ ထို့ကြောင့် ပြည်သူနှင့် အစိုးရ အဆင့်ဆင့်ကြားရှိ ပတ်သက်မှုမှ မလွှဲမရှောင်သာ ပေါ်ပေါက်လာသော "ပေးထားသောကတိအပေါ် ယုံကြည် ရနိုင်မှုပြဿနာ (credible commitment problem)" ကို လွတ်လပ်သော၊ ကျွမ်းကျင်သော အဖွဲ့အစည်း တစ်ခု ဥပမာအားဖြင့် တရားရုံးချုပ်ဖြစ်စေ၊ ဖွဲ့စည်းပုံဆိုင်ရာ သီးသန့်တရားရုံးဖြစ်စေကို တာဝန်ပေးခြင်းမှာ မျှတပြီး အလုပ်ဖြစ်နိုင်သော ရွေးချယ်မှုဟု ဆိုနိုင်ပါသည်။ တစ်နည်းဆိုရလျှင် တစ်ဦးတည်းမဟုတ်ပဲ

မြောက်များ လှစွာသော ပြည်သူများက ၎င်းတို့၏ကိုယ်စားလှယ်များ၏ လုပ်ဆောင်ချက်များကို ကိုယ်တိုင်ကိုယ်ကျ ထိရောက်စွာ စောင့်ကြည့်နိုင်ရန် ခက်ခဲခြင်းကြောင့်ဖြစ်သည်။

အထက်တွင်ဆိုခဲ့သည့်အတိုင်း အီသီယိုးပီးယားနိုင်ငံတွင် အထက်လွှတ်တော်မှ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းကို လုပ်ဆောင်သည့်ဥပမာရှိသော်လည်း ၎င်း၏ ဖွဲ့စည်းမှုသဘာဝမှာ ပြည်သူများက တာဝန်ပေးထားသည့် ကိုယ်စားလှယ် (agent) သို့မဟုတ် ကိုယ်စားလှယ်ဖြစ်သော ပြည်နယ်ကောင်စီများ၏ ဩဇာမှ မလွတ်ကင်းသော အဖွဲ့အစည်းဖြစ်နေသည်။ သီးခြားအဖွဲ့အစည်းဖြစ်သော ပြည်ထောင်စု တရားရုံးချုပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးများကိုပင်လျှင် နိုင်ငံ၏မြို့တော်တွင် ရုံးစိုက်ကြပြီး ပြည်ထောင်စု အဆင့် အစိုးရတာဝန်ရှိသူများနှင့် ပို၍နီးစပ်သောကြောင့် နိုင်ငံအား မည်သို့ အထိရောက်ဆုံး အုပ်ချုပ်လျှင်ကောင်းမည်ဆိုသည့်နှင့် အလားတူမေးခွန်းများတွင် ပြည်ထောင်စုအဆင့်နှင့် ပလဲနံပသင့်သည့် တိမ်းညွှတ်မှုရှိကြသည်ဟူ၍ ဆိုကြသည်များလည်းရှိသည် (Russel ၂၀၁၇)။ ယင်းအတွက်ကြောင့် ထိုသို့သော အဖွဲ့အစည်းများအတွက် လူပုဂ္ဂိုလ်များ ခန့်အပ်ရာတွင် သက်ဆိုင်ရာ ပြည်နယ်များ၊ လူမျိုးစုများ၊ အမျိုးမျိုးသော ဘာသာစကားများကို ကိုယ်စားပြုနိုင်သော တရားသူကြီးများ အနည်းဆုံး အရေအတွက်ကို ထည့်သွင်းပြဌာန်း ဖွဲ့စည်းခြင်း ကဲ့သို့သော တီထွင်ဆန်းသစ်သော နည်းလမ်းများကိုလည်း အသုံးပြုနိုင်ပါသည်။ သို့ရာတွင် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ နိုင်ငံရေး တိမ်းညွှတ်မှုများသည် နိုင်ငံ၏နိုင်ငံရေးယဉ်ကျေးမှုနှင့်လည်းဆိုင်သည်။ ဖက်ဒရယ်နိုင်ငံရေးယဉ်ကျေးမှုထွန်းကားသော ကနေဒါတွင် ပြည်ထောင်စုတရားရုံးချုပ်၏ ဗဟိုအစိုးရ အပေါ် တိမ်းညွှတ်မှုကို တရားသူကြီးများ၏ တရားနည်းလမ်းတကျ ဖက်ဒရယ်ရေးရာ အဆုံးအဖြတ်ပေးသူများ ဖြစ်လိုမှုက ပြန်လည်ထိန်းချုပ်ထားပါသည် (Russel ၂၀၁၇)။

ဤသို့လျှင် ဖက်ဒရယ်စနစ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှု (သို့မဟုတ်) တရားရေးစနစ်တစ်ခုလုံးတို့သည် တစ်ခုနှင့် တစ်ခု အပြန်အလှန်သက်ရောက်မှုရှိသည်ဟု ဆိုနိုင်ပါသည်။ တစ်ဖက်တွင် တရားရေးမဏ္ဍိုင်သည် အစိုးရအဆင့်ဆင့်အကြားအာဏာခွဲဝေမှုအပေါ် အမှန်တကယ် အကျိုးသက်ရောက်မှုရှိသော ဖွဲ့စည်းပုံပြန်လည်သုံးသပ်မှုများ ပြုလုပ်ခြင်းအားဖြင့် ဖက်ဒရယ်စနစ် ပီပီပြင်ပြင် ဖြစ်ပေါ် လာအောင် အချိန်နှင့်အမျှ ပုံဖော်သွားတတ်သည်။ တစ်ဖက်တွင်လည်း တရားရေးမဏ္ဍိုင်ရှိ တရားရုံးများသည် ပြည်နယ်အချင်းချင်းအကြား၊ ပြည်နယ်နှင့်ပြည်ထောင်စုအစိုးရအကြား သမာသမတ်ကျသော အဆုံးအဖြတ် များကိုပေးရမည့် အဖွဲ့အစည်းများဖြစ်သည့်အားလျော်စွာ ထိုတရားရုံးများ၏ ဖွဲ့စည်းတည်ဆောက်ပုံ အပေါ် ဖက်ဒရယ်စနစ်က ပြန်လည်လွှမ်းမိုးပါသည် (Aroney and Kincaid ၂၀၁၇)။ Federal Law Academy ကျောင်းအုပ်ကြီး ဦးအောင်ထူးက ဤအချက်ကို 'သက်ဆိုင်ရာတိုင်းပြည်ရဲ့ထူးခြားချက်အရ သူတို့ဘာသာသူတို့ သတ်မှတ်ပြီး ကျင့်သုံးတဲ့အခါမှာ

Constituent Unit တွေမှာ အာဏာကြီးသုံးရပ်ကိုကျင့်သုံးခွင့်ပိုရလေလေ တရားစီရင်ရေးပိုအားကောင်းလေဖြစ်ပါတယ်။' ဟု ထောက်ပြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှုများအပေါ် ဥပဒေပညာရှင်များနှင့် နိုင်ငံရေးသိပ္ပံပညာရှင်များ အကြား ရှုမြင်ပုံများ မတူညီကြပေ။ ဥပဒေအရင်းအမြစ်များ ဖြစ်ကြသော ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြားသက်ဆိုင်ရာ ဥပဒေများနှင့် ကျင့်ထုံးများကို အသားပေးရှုမြင်လေ့လာသော ဥပဒေရှုထောင့် (Legalistic View) ရှိသလို အခြားတစ်ဘက်တွင်လည်း တရားရုံးသည် နိုင်ငံရေးဇာတ်ကောင်တစ်ဦးသာဖြစ်ပြီး ဆုံးဖြတ်ချက်များ ပြန်လည်သုံးသပ်မှုများကို ပါတီစွဲများ၊ သြဇာလွှမ်းမိုးမှုများနှင့် ဆက်စပ်လျှက်ရှိသော နိုင်ငံရေး အခြေအနေများနှင့်သာ လေ့လာနားလည်နိုင်မည်ဟူသည့် နိုင်ငံရေးသရုပ်မှန်ဝါဒ (Political Reality View) လည်း ရှိသည်။ အင်္ဂလိပ်ရိုးရာဥပဒေစနစ်ကို ကျင့်သုံးပြီး တရားစီရင်ရေးစနစ်ခိုင်မာအားကောင်းသည့် နိုင်ငံများဖြစ်သည့် အမေရိကန် ပြည်ထောင်စု၊ ကနေဒါနှင့် သြစတြေးလျ နိုင်ငံတို့၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှုများကို လေ့လာခဲ့သော သုတေသနတစ်ခုကမူ လက်တွေ့ ပြန်လည် သုံးသပ်ချက်များသည် ၎င်းအစွန်း နှစ်ဖက်၏ အလယ်တွင်ရှိသည်ဟုဆိုပါသည် (Baier ၂၀၀၆)။ ၎င်း၏လေ့လာချက်များအရ တရားရုံးမှ ကိုးကားသော ရည်ညွှန်းသော ဥပဒေဆိုင်ရာ အချက်အလက်များအရင်းအမြစ်များသည် နောက်ကွယ်မှ နိုင်ငံရေးစေ့ဆော်မှုများကို ဖုံးကွယ်လိုယုံသက်သက်မဟုတ်သလို ဥပဒေကျိုးကြောင်းတွေးခေါ်မှုသက်သက်လည်းမဟုတ်ပေ။

တရားရုံးများသည်လည်း ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ အယူအဆစွဲများ မလွဲမရှောင်သာ ရှိစမြဲဖြစ်သည်။ ခေတ်သစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှုကို စတင်ခဲ့သည်ဟု ပြောစမှတ်ရှိကြသော ၁၈၀၃ခုနှစ် Marbury v. Madison ဆုံးဖြတ်ချက်သည်ပင်လျှင် နိုင်ငံရေးအာဏာပြိုင်ဆိုင်မှု၏ အစိတ်အပိုင်းများ ပါဝင်သည်ဟုဆိုကြသည် (W. van Alstyne 1969)။ သို့ရာတွင် အစိုးရအာဏာ အကန့်အသတ်ကို အဆုံးအဖြတ်ပေးရသော သုံးသပ်ချက်များနှင့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များတွင် အဆိုပါ အစွဲများ ပါဝင်မှုလွန်စွာကွာခြားကြကြောင်းတွေ့ရသည် (Aroney and Kincaid, 2017)။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်သည့်စနစ် အားကောင်းစေရန်မှာ ၎င်းစနစ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အစိုးရစနစ် (Constitutional Governance) တစ်ခုလုံးပါတ်သက်၍ ပြည်သူများ၏ သိရှိနားလည်မှု (Awareness)၊ ယုံကြည်ကိုးစားမှု (Public Trust in Institutions) များ ပေါ်တွင်လည်း မူတည်သည်။ ၎င်းအချက်ကို ဦးအောင်ထူးက 'သက်ဆိုင်ရာတိုင်းပြည်တစ်ခုလုံးက လူ့အဖွဲ့အစည်းက တရားစီရင်ရေးအပေါ်မှာ ဘယ်လောက်ထိ အားကိုးမျှော်လင့်ကြသလဲဆိုတာရယ်။ နောက်တချိန်တည်းမှာ

ဖွဲ့စည်းပုံအခြေခံဥပဒေလေးစား လိုက်နာ တဲ့ Constitution Cultural ဘယ်လောက်ထိတောင်ရှိသလဲ။ Independent Judiciary ဘယ်လောက်ထိ တောင်မြတ်နိုးသလဲ။' ဟု ဆွေးနွေးခဲ့သည်။

ဤသို့ ပြည်သူများမှ သိရှိနားလည်ရန်၊ အစိုးရမဏ္ဍိုင်များအပေါ် အယုံအကြည်မြင့်ရန်မှာ တရားသူကြီးများ (အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးအတွက် တာဝန်ရှိသည့် တရားသူကြီးများ) ၏ အရည်အချင်းနှင့်လည်း သက်ဆိုင်ပြန်သည်။ ဦးအောင်ထူးက ဤအရည်အချင်းမေးခွန်းမှာ ဖွဲ့စည်းပုံပြန်လည်သုံးသပ်ရေးအတွက် သီးသန့်ခုံရုံးထားရှိမည်လော၊ ပြည်ထောင်စုတရားရုံးချုပ်ကိုပင် ၎င်းတာဝန်လွှဲအပ်မည်လောဟူသည့် မေးခွန်းနှင့် ယှဉ်၍ ဆွေးနွေးသင့်ကြောင်းဆွေးနွေးခဲ့သည်။ 'supreme court judge တာဝန်ထမ်းဆောင်ရတဲ့သူတွေက အများဆုံး ၉ ယောက်နဲ့ ၁၀ ယောက်ကြားပဲရှိမယ်လေ။ တကယ့် Really qualified or not ပေါ်မှာအခြေခံတယ်။ qualified မဖြစ်ဘူး ထင်ရာမြင်ရာလျှောက်ဆုံးဖြတ်မယ်ဆို တိုင်းပြည်အခြေအနေက ပိုဆိုးဖို့ပဲဖြစ်လာတယ်။' ဟု ယင်းကဆိုသည်။

အဓိကမှတ်သားစရာများ

- ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသော ဖက်ဒရယ်အာဏာခွဲဝေမှုပုံစံအပေါ် နိစ္စဓူဝနိုင်ငံရေးနှင့်၊ ပြည်ထောင်စုနှင့် ပြည်နယ်အကျိုးစီးပွားများက အမြဲတစေ စိန်ခေါ်နိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဖက်ဒရယ်စနစ်ကို ထိန်းသိမ်းစောင့်ရှောက်ရန် တရားရုံးချုပ် သို့မဟုတ် ခုံရုံးများကို ပြည်သူလူထုက အာဏာလွှဲအပ်ထားသည်ဟု မှတ်ယူနိုင်သည်။ အရေးကြီးသည်မှာ ၎င်းတရားရုံးများ၊ ခုံရုံးများသည် မိမိတို့ကိုယ်တိုင် အမှီအခိုကင်းလွတ်လပ်စွာရပ်တည်ရမည့်အပြင်၊ တရားသူကြီးများကလည်း အရည်အချင်းပြည့်ဝပြီး ပြည်သူများကြား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီအုပ်ချုပ်သော၊ လွတ်လပ်သော တရားစီရင်ရေးစနစ်တို့ကို သိရှိနားလည် တန်ဖိုးထားရန်ဖြစ်သည်။

## **ဗဟုတရားစီရင်ရေးစနစ်** (Pluralist Justice System)

ဗဟုတရားစီရင်ရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဥပဒေရေးရာဗဟုဝါဒ ကို အခြေတည်၍ သုံးသပ်ရန်လိုအပ်ပြီး ဥပဒေရေးရာဗဟုဝါဒကို အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ဥပဒေ ပညာရှင်တို့၏ တရားစီရင်ရေး အပေါ် ရှုမြင်သော ဥပဒေဆိုင်ရာအမြင်နှင့် အယူအဆတို့အပေါ် မူတည်၍ ကွဲပြားနိုင်သည်။ Cane and Kritzer အတွက် ဥပဒေရေးရာ ဗဟုဝါဒသည် နိုင်ငံတစ်နိုင်ငံ၏ နယ်နမိတ်အတွင်းရှိ ပထဝီမြေမျက်နှာပြင်အပိုင်းအခြား တစ်ခု၌ ဥပဒေစနစ်တစ်ခုထက် ပို၍ တည်ရှိနေခြင်းကို ခေါ်ဆိုခြင်းဖြစ်ပြီး ဓလေ့ထုံးတမ်း ဥပဒေများ၊ ဘာသာရေးမှ သက်ဆင်းလာသော

ဥပဒေများ ရှိသည့် လူ့အသိုက်အဝန်းတစ်ခုအား ကိုလိုနီပြုခြင်း ခံရပြီးနောက် အဆိုပါ အသိုက်အဝန်းသို့ ကိုလိုနီပြုသည့် နိုင်ငံများမှ ၎င်းတို့၏ ဥပဒေစနစ်များကို အဆိုပါ အသိုက်အဝန်းတွင် ချမှတ်ခြင်းဖြင့် ကိုလိုနီနိုင်ငံများမှ ဥပဒေစနစ်များနှင့် အသိုက်အဝန်းများမှ ဥပဒေတို့ ပူးတွဲတည်ရှိပြီး အပြန်အလှန် ချိတ်ဆက်လာမှုသည် ဥပဒေရေးရာ ဗဟုဝါဒကို ပေါ်ပေါက်လာစေသည် (Cane and Kritzer, 2013)။ သို့ရာတွင် အဆိုပါ ဓလေ့ထုံးတမ်းဥပဒေများသည် နိုင်ငံမှ ချမှတ်သော ဥပဒေအမိန့်များသကဲ့သို့ အာဏာသက်ရောက်မှုပိုင်းတွင် များစွာမထိရောက်သလို အဆိုပါနိုင်ငံ၏ ဥပဒေများမှ အဆိုပါ ဓလေ့ထုံးတမ်း ဥပဒေတို့အပေါ် လွှမ်းမိုးမှုများလည်း ရှိသည် (Cane and Kritzer, 2013)။

နယ်မြေဧရိယာတစ်ခုအတွင်းတစ်ခုထက်ပိုသော ဥပဒေစနစ်များရှိနေသည့်အခါ ယင်းဒေသတွင်ပေါ်ပေါက်လာသော အမှုတစ်ခုအပေါ် ချဉ်းကပ်သောနည်းလမ်းများနှင့်ယင်းနည်းလမ်းများ၏ သက်ရောက်မှုကို ဥပဒေရေးရာဗဟုဝါဒဟု သတ်မှတ်ခြင်းမျိုးလည်းရှိသည် (Buchler 2011)။ အဆိုပါ ဥပဒေရေးရာဗဟုဝါဒအား တရားစီရင်ရေးစနစ်ကို ဥပဒေဆိုင်ရာ အခက်အလက်ဖြာထွက်ခြင်း(Legal Fragmentation)[8] နှင့် ဥပဒေစနစ်များ၏ ပေါင်းစပ်မှု (Fusion of Legal systems)[9] တို့နှင့်ဆက်စပ်လျှက်ရှိသည်ဟုဖွင့်ဆိုခြင်းများလည်းတွေ့ရသည် (Buchler 2011)။ နောက်ထပ်ဖွင့်ဆိုချက်တစ်ခုမှာ ဥပဒေရေးရာဗဟုဝါဒသည် လူမှုပတ်ဝန်းကျင် တစ်ခုအတွင်း ဥပဒေစနစ်တစ်ခုထက်ပိုပြီးတည်ရှိနေသည့်အခါ ထိုဥပဒေစနစ်များ အချင်းချင်း ကူးလူးဆက်ဆံနေမှုကိုဆိုလိုခြင်းဖြစ်သည်ဟု ဖွင့်ဆိုကြသည် (Griffiths, 1986)။

Yilmaz ကမူ ဥပဒေရေးရာ ဗဟုဝါဒဆိုသည်မှာ ဥပဒေနှင့် လူ့အဖွဲ့အစည်းအကြား တည်ရှိနေသော ရှုပ်ထွေးလှသောဆက်ဆံရေးကို ထင်ဟပ်စေသည့် ဥပဒေအယူအဆတစ်ခု ဖြစ်ပြီး ဥပဒေဆိုသည်မှာလည်း နိုင်ငံတစ်နိုင်ငံ၏ ပြဋ္ဌာန်းဥပဒေများသာ ပါဝင်သည်မဟုတ်ဘဲ အခြားသော ဓလေ့ထုံးတမ်းဆိုင်ရာဥပဒေ များလည်း ပါဝင်နိုင်သည် မှတ်ယူပါသည် (Yilmaz, 2016)။ Yilmaz ၏ ရှုထောင့်အရ ဥပဒေ ဟုဆိုရာတွင် သက်ဆိုင်ရာလူမျိုးစုတို့၏ ယဉ်ကျေးမှုထုံးတမ်းစဉ်လာများကိုလည်း ဥပဒေများအဖြစ် လိုက်နာကျင့်သုံးရမည့် စည်းမျဉ်း စည်းကမ်း များလည်း ထည့်သွင်းသင့်သည် ဟူသောအချက်ကို တွေ့နိုင်ပါသည်။ Yilmaz က ဥပဒေအား အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဥပဒေသည် လူမှု ယဉ်ကျေးမှုတည်ဆောက်ခြင်းဖြစ်ပြီး ဥပဒေရေးရာ ဗဟုဝါဒ သည် ယဉ်ကျေးမှုဓလေ့ထုံးတမ်း ပေါင်းစုံဖြင့်

[8] ဥပဒေဆိုင်ရာ အခက်အလက်ဖြာထွက်ခြင်း(Legal Fragmentation) သည် နိုင်ငံတကာဥပဒေတွင် အဓိကတွေ့ရပြီး အထူးသဖြင့် ဥပဒေတစ်ခုနှင့် ၎င်းဥပဒေကို ခွဲခြင်းချက်ပြုပြီး တည်ရှိနေသော ဥပဒေ၊နည်းဥပဒေ၊စည်းမျဉ်းစည်းကမ်းများအကြား ပဋိပက္ခဖြစ်ခြင်း ကိုဆိုလိုသည်။

[9] ဥပဒေစနစ်များ၏ ပေါင်းစပ်မှု (Fusion of Legal systems) သည် ကိုလိုနီပြုခြင်းခံရသော နိုင်ငံများ၏ မူရင်းကျင့်သုံးလျှက်ရှိသော အင်္ဂလိပ်ရိုးရာဥပဒေစနစ် (common law system) မှ ရောမ ဂျာမန် ဥပဒေ (သို့မဟုတ်) ဆီဗီလ်ဥပဒေစနစ်(Civil Law system) သို့ကူးပြောင်းရန်ကြိုးပမ်းသည့်အခါ ယင်းဥပဒေစနစ်နှစ်ရပ်လုံးကျင့်သုံးနေဆဲကာလတွင် ရောနှောဥပဒေ(Mixed law system) စနစ်အနေဖြင့်ဥပဒေစနစ်တစ်ခု ထက်ပို တည်ရှိနေခြင်း ကိုဆိုလိုသည်။

ဒွန့်တွဲတည်ရှိနေသည်ဟု ဆိုပါသည် (Yilmaz, 2016)။ ထို့ကြောင့် လူမျိုးဘာသာအစရှိသဖြင့်ကွဲပြားမှုအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် နယ်ပယ်အသီးသီးဖြင့် စုပေါင်းတည်ဆောက်ထားသောနိုင်ငံများ၏ လူမှုရေးကိစ္စရပ်များအပေါ် ဥပဒေဖြင့်စည်းနှောင်ရာတွင် ပြဋ္ဌာန်းဥပဒေများနှင့် ဓလေ့ထုံးတမ်းဥပဒေများသည် လူမှုရေးဆိုင်ရာကိစ္စရပ်များ အပြန်အလှန်ချိတ်ဆက်နိုင်အောင် (Socio-legal Interactions) အထောက်အကူပြုစေသည် (Yilmaz, 2016)။

ဥပဒေရေးရာဗဟုဝါဒကို လူမှုအဖွဲ့အစည်းအတွင်းရှိ ဓလေ့ထုံးတမ်းအရဖြစ်စေ တည်ဆဲဥပဒေရေးရာအရ ဖြစ်စေ ဥပဒေစနစ်စုံလင်ကွဲပြားမှုတို့ကို အသိအမှတ်ပြုပြီး တရားမျှတမှုရရှိစေရန် ကြိုးပမ်းသည့် များစွာသောဥပဒေလုပ်ထုံးလုပ်နည်းများကို စီမံခန့်ခွဲသည့်အယူအဆတစ်ခုအနေဖြင့် ရှုမြင်သင့်သည် (Yilmaz, 2016)။ Yilmaz ကဲ့သို့ပင် Sack သည် ဥပဒေရေးရာ ဗဟုဝါဒကို လူမှုအဖွဲ့အစည်း တစ်ခုအတွင်း ကွဲပြားသည့် ဥပဒေစနစ်များကို ပူးတွဲတည်ရှိစေခြင်းဖြင့် ပေါ်ပေါက်လာသည့် လက်တွေ့ကျသော ဖော်ပြချက်တစ်ခုအဖြစ် ဖွင့်ဆိုသည် (Sack, 1986)။ ဥပဒေရေးရာ ဗဟုဝါဒအရ ဥပဒေ၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုခြင်းသည် အယူအဆပိုင်းဆိုင်ရာတွင် စိန်ခေါ်မှုတစ်ရပ်အဖြစ် တည်ရှိနေသည် (Tamanaha, 2010)။ အဘယ်ကြောင့်ဆိုသော် ဥပဒေရေးရာ ဗဟုဝါဒအရ ပြဋ္ဌာန်းဥပဒေများနှင့် ဓလေ့ထုံးတမ်းဥပဒေ တို့တည်ရှိကြရာ ပြဋ္ဌာန်းဥပဒေတို့ကိုသာ နိုင်ငံမှ အသိအမှတ်ပြုထားပြီး တရားဝင် ဥပဒေတစ်ရပ်အဖြစ် သတ်မှတ်ကြခြင်းကြောင့် ဖြစ်သည်(Tamanaha, 2010)။ ထိုသို့ အသိအမှတ် ပြုမှုသည် တရားဝင်အဖြစ် သတ်မှတ် မခံရသော ဓလေ့ထုံးတမ်းတို့အပေါ် ပြဋ္ဌာန်းဥပဒေတို့၏ လွှမ်းမိုးမှုနှင့် နိုင်ငံ၏ အဆိုပါ ဓလေ့ထုံးတမ်းများအပေါ် ထိန်းချုပ်ပြီး နိုင်ငံဥပဒေများအဖြစ်သို့ ပြင်ဆင်ပြောင်းလဲ ပြဋ္ဌာန်းမှုများလည်း ရှိသည်(Hooker, 1975)။ ဥပမာအားဖြင့် အင်္ဂလန်နိုင်ငံတွင် အစဉ်လာမ်မစ်ဥပဒေများကို နိုင်ငံ၏ တရားဝင်တရား ရေးစနစ်မှတရားဝင် အသိ အမှတ်ပြုထားသည့် အဆင့်များလည်း ရှိသလို တရားဝင်အသိအမှတ် ပြုခြင်း မခံရသည့် အဆင့်များလည်း ရှိသည်။(Yilmaz, 2016)

ဥပဒေရေးရာ ဗဟုဝါဒကို လက်တွေ့ကျင့်သုံးကြသည့်အခါ ဗဟုတရားစီရင်ရေးစနစ်သည် ဥပဒေရေးရာ ဗဟုဝါဒကို အကောင်အထည်ဖော်သည့်အခါတွင် အခြေခံကျပြီး အရေးကြီးဆုံးသော ကဏ္ဍ တစ်ရပ် ဖြစ်သည်။ ၁၆ ရာစု ဥရောပ၏ နယ်ချဲ့မှုနှင့်အတူ တောင်အမေရိကတိုက်ရှိ ဘိုလီးဗီးယား၊ ကိုလမ်ဘီယာ၊ အီကွေဒေါ၊ ပီရူးနှင့် ဗင်နီဇွဲလားနိုင်ငံတို့တွင် ဥပဒေရေးရာဗဟုဝါဒထွန်းကားခဲ့သည်(Baffero, 2022)။ ကိုလိုနီပြုသူတို့သည် ၎င်းတို့၏ ဥပဒေစနစ်များ၊ အုပ်ချုပ်ရေးစနစ်များနှင့် အခြားသော နိုင်ငံများရှိ ဌာနေ တိုင်းရင်းသားများ၏ ဓလေ့ ထုံးတမ်းများကို မှေးမှိန်စေရန် တွန်းအားပေးခဲ့ခြင်းတို့ကြောင့် အဆိုပါ ဌာနေတိုင်းရင်းသားများအနေဖြင့် ၎င်းတို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း တို့ကို ဖော်ထုတ်နိုင်ခွင့် ဆုံးရှုံးခဲ့ရ သည်(Baffero, 2022)။ သို့သော်လည်း မျက်မှောက်ခေတ် ကာလများတွင် အဆိုပါ ဌာနေတိုင်းရင်းသားတို့၏

အခွင့်အရေးများ အသိအမှတ်ပြုခြင်းနှင့် ပြည်သူ့ရေးရာဥပဒေစနစ်(Civil Law System) တို့ ယှဉ်တွဲတည်ရှိသော ဌာနေတိုင်းရင်းသားဆိုင်ရာ တရားစီရင်ရေးများအပေါ် အခြေခံကာ တည်ထောင်သော တရားမျှတသော ဗဟုတရားစီရင်ရေးစနစ်များ တည်ရှိလာသည် (Baffero, 2022)။

ဘိုလီးဗီးယား၊ ကိုလမ်ဘီယာ၊ အီကွေဒေါ၊ ပီရူးနှင့် ဗင်နီဇွဲလားနိုင်ငံတို့၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေများတွင် ဌာနေတိုင်းရင်းသားတို့အနေဖြင့် ၎င်းတို့၏ နယ်နမိတ်အတွင်း ဓလေ့ထုံးတမ်း ဥပဒေများနှင့်အညီ ဗဟုတရားစီရင်ရေး စနစ်များ ကျင့်သုံးပိုင်ခွင့်ကို ပေးအပ်ထားသည်(Garcia and Carrillo, 2016)။ အဆိုပါ ပေးအပ်ထားသောတရားစီရင်ရေးစနစ်များတွင် ဌာနေတိုင်းရင်းသားတို့အနေဖြင့် ၎င်းတို့ စိတ်တိုင်းကျ ကိုယ်ပိုင် အုပ်ချုပ်ရေးစနစ်ကို တည်ထောင်ပိုင်ခွင့်နှင့် ဌာနေတိုင်းရင်းသားအသိုက်အဝန်းအတွင်းမှ အငြင်းပွားမှုများ၊ ပဋိပက္ခများ၊ နှင့် အခြားသောကိစ္စရပ်များ အပေါ် ကိုယ်ပိုင်ဖြေရှင်းပိုင်ခွင့်ကို ပေးအပ်ထားသည်(Garcia and Carrillo, 2016)။ ဘိုလီးဗီးယား၊ ကိုလမ်ဘီယာ၊ အီကွေဒေါ၊ ပီရူးနှင့် ဗင်နီဇွဲလားနိုင်ငံတို့၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ခုံရုံးများသည်လည်း ဌာနေတိုင်းရင်းသားများနှင့် အစိုးရမှ ကိုယ်စားပြုသူများ အချိုးအစားညီစွာ ဖွဲ့စည်းထားပြီး တရားစီရင်ရေးစနစ် နှစ်ခုအကြား ပေါ်ပေါက်လာသော အငြင်းပွားမှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ အပေါ် ကြီးကြပ်ကွက်ကဲရန် စီရင်ပိုင်ခွင့် အပ်နှင်းထားသည်။(Garcia and Carrillo, 2016)။ ဘိုလီးဗီးယား၏ ၂၀၀၉ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရလည်း သာမန်တရားစီရင်ရေး တရားရုံးနှင့် ဌာနေ တိုင်းရင်းသား ဆိုင်ရာ တရားစီရင်ရေး ဟူ၍ တရားစီရင်ရေး အာဏာအညီအမျှ ရှိသော တရားစီရင်ရေးစနစ်ကို ထည့်သွင်းထား သည်။[1] ထို့အတွက် အဆိုပါ နိုင်ငံများရှိ ဗဟုတရားစီရင်ရေးသည် လူ့အသိုက်အဝန်းအတွင်းရှိ ဥပဒေ၏ သဘောသဘာဝနှင့် ပုံပန်းသဏ္ဌာန်တို့ကို ပုံဖော်မည့် ညီမျှသော တရားစီရင်ရေးစနစ်နှစ်ခုကို ဖော်ဆောင်ထားသည့် သဘောကို တွေ့ရသည်(Garcia and Carrillo, 2016)။ သို့သော်လည်း အဆိုပါ နိုင်ငံများတွင် ပြည်တွင်းတရားစီရင်ရေးနှင့် ဌာနေတိုင်းရင်းသားဆိုင်ရာ တရားစီရင်ရေးတို့ နှစ်ခုအကြားတွင် ဖြစ်ပေါ်လာနိုင်သည့် တရားစီရင်ရေးဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြဌာန်းထားခြင်း မရှိသေးသည်ကိုလည်း တွေ့ရသည်(Garcia and Carrillo, 2016)။

ဗဟုတရားစီရင်ရေးစနစ်ကို တောင်အာဖရိကနိုင်ငံတွင် ကျင့်သုံးသည်မှာ တရားစီရင်ရေးစနစ်ကို သာမန်တရားရုံးများနှင့် အထူးတရားရုံးများ ဟူ၍ ခွဲခြားပြီး အထူးတရားရုံးများမှာ နိုင်ငံတစ်ဝှမ်းရှိ လူမျိုးစုဒေသများတွင် တည်ထောင်ထားပြီး တရားဝင်အသိ အမှတ်ပြုပေးထားပြီး အဆိုပါ လူမျိုးစု အသိုက်အဝန်း အတွင်း ဖြစ်ပေါ်လာသော အငြင်းပွားမှုများကို ၎င်းတို့၏ ဓလေ့ထုံးတမ်းများနှင့် ဖြေရှင်းရန်ဖြစ်ကာ တရားမနှင့် ပြစ်မှုနှင့် ပတ်သတ်၍လည်း တရားစီရင်း၊ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းဆောင်တာများကိုပါ ဆောင်ရွက်နိုင်သည်(Garcia and Carrillo, 2016)။ အီသီယိုးပီးယားနိုင်ငံရှိ ဗဟုတရားရေးစနစ်တွင် ဓလေ့ထုံးတမ်းဆိုင်ရာ တရားရုံးများ၊ ရောမဂျာမန် (Civil Law

System) ကို အခြေခံကာ တည်ထောင် ထားသော တရားရေးစနစ်နှင့် ဘာသာရေးဆိုင်ရာတရားရေးစနစ်များပါ ပါဝင်ပါသည်။ (Aneme, 2015) ဓလေ့ထုံးတမ်းဆိုင်ရာ တရားရုံးများသည် အငြင်းပွားမှုများကို ရိုးရာဓလေ့ ထုံးတမ်း များနှင့်ဖြေရှင်းခြင်းဖြစ်ပြီး ဘာသာရေးဆိုင်ရာတရားရုံးများ ဖြစ်သော ရှရီအာ တရားရုံးများတွင် အစ္စလာမ်မစ်ဥပဒေ၏ စည်းမျဉ်းများ နှင့်အညီ ဖြေရှင်းပါသည် (Aneme, 2015)။ ရှရီအာ တရားရုံးများသည် တရားမမှုနှင့်သက်ဆိုင်သော ကိစ္စရပ်များကိုသာ အငြင်းပွားသူများ၏ ဖြေရှင်းစေလိုမှုတို့အပေါ်မူတည်၍ ဖြေရှင်းခြင်းဖြစ်ပြီး ဓလေ့ထုံးတမ်း ဆိုင်ရာတရားရုံးများသည် ပြစ်မှုရော တရားမမှုများကိုပါ ဖြေရှင်းကြပါသည်(Aneme, 2015)။ အင်ဒိုနီးရှား နိုင်ငံရှိ ဗဟုတရားစီရင်ရေး စနစ်တွင် အစ္စလာမ်မစ် ဥပဒေများမှ သတ်မှတ်ထားသည့် ကိစ္စရပ်များအပေါ် စီရင်ပိုင်ခွင့်အာဏာ ပေးအပ်နှင်းထားပါသည် (Isra, Ferdi and Tegnan, 2017)။ သို့သော်လည်း တောင်အမေရိကနိုင်ငံများရှိ ဗဟုတရားစီရင်ရေးစနစ်များကဲ့သို့ အင်ဒိုနီးရှားနိုင်ငံတွင်လည်း တရားစီရင်ရေး စနစ်နှစ်ခုအကြား ဖြစ်ပေါ်လာနိုင်သည့် အငြင်းပွားမှုများကို ဖြေရှင်းရန် ဥပဒေအရရော ဖွဲ့စည်းပုံအရပါ လုပ်ထုံးလုပ်နည်းများရှင်းလင်းတိကျစွာ မရှိသည်ကို လေ့လာတွေ့ရှိရပါသည် (Isra, Ferdi and Tegnan, 2017)။ ယခုကဲ့သို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများမှတစ်ဆင့် ဗဟုတရားစီရင်ရေးစနစ်ကို အသိအမှတ်ပြုထားသော်လည်း အဆိုပါ တရားစီရင်ရေးအဖွဲ့များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လူ့အခွင့်အရေး စံသတ်မှတ်ချက်များအပေါ် လေးစားလိုက်နာရန်လည်း လိုအပ်ပေသည်(Garcia and Carrillo, 2016)။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း တရားစီရင်ရေးစနစ်များ၊ဥပဒေရေးဆွဲခြင်းများရေပန်းမစားခင် ကာလကတည်းက ရေကြည်ရာ မြက်နုရာနေထိုင်ခဲ့ကြသော လူမျိုးစုများ၊ လူအစုအဖွဲ့များသည် ယဉ်ကျေးသော လူ့အသိုက်အဝန်း စနစ်ကိုကူးပြောင်းလာသည် နှင့်အညီ အငြင်းပွားမှုများ၊ နစ်နာမှုများကို ကုစားရန် ကိုယ်ပိုင်တရားစီရင်ရေးစနစ်အသီးသီးတို့ကိုထူထောင် ကျင့်သုံးခဲ့ကြပြီး မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသား လူမျိုးစုအသီးသီးနှင့် ကိုးကွယ်ရာဘာသာအသီးသီးအလိုက် စီရင်ဆုံးဖြတ်ကြသည့် တရားစီရင်ရေးစနစ်များ ရှိခဲ့ပါသည်။ ဗမာနိုင်ငံ (တနည်းမြန်မာနိုင်ငံ) ဟူ၍ တပေါင်းတစည်း လွတ်လပ်ရေး မရခင် ကာလကပင် ရှေးမြန်မာ ဘုရင်များလက်ထက်ကပင် ဓမ္မသတ်၊ ရာဇသတ်၊ဖြတ်ထုံးများ ဖြင့်စီရင်ဆုံးဖြတ်ခဲ့ကြပြီး ကိုလိုနီ ပြုခံရ သည့်ကာလတလျှောက် မြန်မာနိုင်ငံအား အထက်မြန်မာပြည်၊ အောက်မြန်မာပြည်၊ ချင်းတောင်တန်း၊ ကချင် တောင်တန်း၊ဖက်ဒရိတ်ရှမ်းပြည်၊ အစရှိသဖြင့်ဥပဒေအပိုင်းအခြား ခွဲခြားကျင့်သုံး အုပ်ချုပ်ခဲ့ကြပြီး ကရင်နီကဲ့သို့ အချုပ်အခြာအာဏာ လွတ်မြောက်နယ်မြေ များလည်းရှိခဲ့သည်။ ထိုအုပ်ချုပ်သည့် ဒေသအသီးသီး တွင်လည်း ယင်းတို့၏ တရားစီရင်ရေးစနစ်အသီးသီးတို့ကို ပြဋ္ဌာန်း ဥပဒေများဖြင့် လွှမ်းမိုးရန် ကြိုးစားလာကြပါသည်။

ဓါးမဦးချစိုက်ပျိုးမြေများနှင့်လူမျိုးစုများအစဉ်အဆက် ဓလေ့ထုံးတမ်းများနှင့် လက်ဆင့်ကမ်းခဲ့ကြသော မြေများကို အငြင်းပွားမှုဖြေရှင်းရာတွင် ရိုးရာ ဖြန်ဖြေနည်းများနှင့် တရားစီရင်သည့် နည်းလမ်းများ

ရှိသော်လည်း ၁၈၈၉ခုနှစ် အထက်မြန်မာပြည် မြေယာ နှင့် အခွန်စည်းကြပ်ရေးဥပဒေ (the Upper Burma Land and Revenue Regulation Act 1889[2])၊ ၁၈၇၆ခုနှစ် အောက်မြန်မာပြည် မြေယာနှင့်အခွန်တော် အက်ဥပဒေ (Lower Burma Land and Revenue 1876[3]) ကဲ့သို့သော ဥပဒေများဖြင့် အစားထိုးခဲ့ သည်။ ထိမ်းမြားလက်ထပ်ရေး ၊လင်မယားကွာရှင်းခွင့်၊ အမွေဆက်ခံခွင့် အစရှိသည့် လူမှုရေးပြဿနာ များကို ပုဒ်မ ၁၃၊ ၁၈၉၈ခုနှစ် မြန်မာနိုင်ငံဥပဒေများဆိုင်ရာအက်ဥပဒေ (Burma Act 1898) အရ ဗုဒ္ဓဘာသာဖြစ်လျှင် ဗုဒ္ဓဘာသာဥပဒေ၊မဟာမေဒင်ဖြစ်လျှင် မဟာမေဒင်ဥပဒေ၊ဟိန္ဒူဖြစ်လျှင် ဟိန္ဒူ ဥပဒေ၊ဖြင့်သာစီရင် ဆုံးဖြတ်ရန် ဥပဒေအရခွင့်ပြုထားပြီး ကိုးကွယ်ရာ ဘာသာအလိုက်မဟုတ်ဘဲ လူမျိုးစု အလိုက် လက်ခံကျင့်သုံးလေ့ရှိသော အမွေဆက်ခံခွင့် တရားစီရင်မှုများလည်းရှိပြီး ယနေ့တိုင် လက်ခံ ကျင့်သုံး လျှက်ရှိကြသည်။[4] သို့သော်ဓလေ့ထုံးတမ်းဥပဒေဟုဆိုရာတွင်"မြန်မာ လူမျိုး တွေမှာပဲ စာနဲ့ရေးသားထားတဲ့ ဓလေ့ထုံးတမ်းဥပဒေရှိတယ်။ ကျန်တဲ့တိုင်းရင်းသား လူနည်းစု အကုန်လုံးလောက်မှာ တညီတညွတ်တည်းလက်ခံပြီး စာနဲ့ရေးသားထားတဲ့ ဓလေ့ထုံးတမ်း ဥပဒေဆိုတာ မရှိဘူး။ ဦးမြစိန်ပြုစုတဲ့ မြန်မာဓလေ့ထုံးတမ်းဥပဒေမှာကျတော့ မြန်မာတွေအားလုံးကလက်ခံကြတယ်။ တရားရုံးကလည်း စီစဉ်တယ်။ သို့သော် ကျန်တဲ့မြန်မာမဟုတ်တဲ့ တိုင်းရင်းသားတွေမှာကျတော့ သူတို့မှာ လည်းမရှိဘူး၊ တရားရုံးက ပူးပေါင်းသုံးစွဲမယ့်အစီအစဉ်တက်မလာဘူး။" ဟုဦးအောင်ထူးကဆိုသည်။

အမွေဆက်ခံခွင့်နှင့်ပက်သက်၍ ဗဟုတရားစီရင်ရေးစနစ်အရ စကောကရင်တွင် အမျိုးသားများသည် အမွေခွဲဝေရာတွင် သားများအား ရွှေ့ပြောင်းနိုင် သော ပစ္စည်းများကိုပေး၍ သမီးများအား မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ပေးလေ့ရှိသည်။ ဆင်ရှိလျှင် သားယောကျ်ားများအား ပေး၍ လယ်ယာ၊ ကွမ်းသီးခြံ၊ အုန်းခြံများကို သမီးတို့အား ပေးလေ့ရှိသည်။ ငွေကြေးတို့ကို ညီတူညီမျှ ခွဲဝေပေးလေ့ ရှိသည်။ အထူးသဖြင့် သားထွေး၊ သမီးထွေးများအား ပို၍ ပေးတတ်သည်။ သို့သော် ပိုးကရင်တွင်မူ သေသူ၏ ပစ္စည်းများကို အမွေခွဲဝေပေးရာတွင် သေသူသည် သေတမ်းစာကဲ့သို့ မိမိမသေမီ ကြွင်းကျန်ရစ်သည့် မိမိပိုင် ပစ္စည်းများနှင့် ပတ်သက်၍ ဆန္ဒပေးသွားနိုင်သည်။ သေသူ၏ သဘောဆန္ဒကို သိရပါက ရပ်ရွာလူကြီးများသည် လိုက်လံဆောင်ရွက်ပေး တတ်သည်။ သေဆုံးသူ၏ ကျေးဇူးခံများကိုလည်း ခွဲဝေပေးလေ့ ရှိကြသည်။ ဂုံ (ခွံ) လူမျိုးတို့ အမွေဆက်ခံရာတွင် အကြီး ဆုံးသားဖြစ်သူသည် အဖ အရိုက်အရာခံရသော်လည်း သားမရှိလျှင် သမီးအကြီးဆုံးလည်း အလားတူ အခွင့်အရေးရသည်။ အမွေဆက်ခံရာတွင် မိဘတို့၏ သဘောအတိုင်း ဖြစ်သည်။ သားထွေး၊ သမီးထွေးကို အချစ်ဆုံးအနေနှင့်ပိုပေးလေ့ရှိသည်။ယွန်းလူမျိုးတို့သည် အမွေခွဲဝေရာတွင် မိဘသဘော သာလျှင် အရေးကြီးဆုံးဖြစ်သည်ဟုဆုံးဖြတ်သည်။ သားကြီး သမီးကြီးတို့ အိမ်ထောင်ပြုသွားလျှင် အိမ်ထောင်ခွဲနေသည်နှင့် အမွေခွဲပေးရန် ဆုံးဖြတ်သည်။ သို့သော် မိဘသေဆုံးသွားပါက အတူနေသူ၊ ပြုစုသူတို့က အမွေပိုရသည်။ တိကျစွာ လိုက်နာရမည့် အမွေခွဲမှု စည်းကမ်းဟူ၍ မရှိကြချေ။ ယင်းနက် နှင့်

ယင်းကြား လူမျိုးများတွင် မိဘ အရိုက်အရာ ကို သားကြီးသမီးကြီးတို့က ဆက်ခံနိုင်ပြီး သားသမီးများ မရှိပါက အိမ်ထောင်စုရှိ ဦးလေး၊ ဦးကြီး၊ တူသားများက အမွေဆက်ခံနိုင်သည်။ အမွေများကို မိဘသဘောအတိုင်း ခွဲဝေပေးနိုင်သည်။ အိမ်ထောင်ခွဲများမှာ လက်ထပ်စဉ်က မိဘပေးလိုက်သည့် ပစ္စည်းများသာ ရကြလေ့ရှိသည်။ အိမ်ထောင်ခွဲထွက်သွားပြီးနောက် မိဘအမွေနှင့်လုံးဝ မသက်ဆိုင်ကြောင်းဆုံးဖြတ်ကြသည်။ မိဘနှင့် အတူနေပြီး ကောင်းတူ ဆိုးဖက်ပြုစုသူ၌သာ အမွေပစ္စည်းအများစု ကို သော်လည်းကောင်း၊ အမွေပုံပစ္စည်း အားလုံး ကိုသော်လည်းကောင်းရပိုင်ခွင့်ရှိသည်။ ပလောင် လူမျိုးတို့တွင် မိဘ အရိုက်အရာကို သားကြီးက ဆက်ခံရသည်။ သားကြီးမရှိပါက တူများ၊ ဦးလေးများ၊ ညီများက ဆက်ခံ သည်။ အမွေများကို မိဘသဘောကျ ပေးနိုင်သည်။အခါလူမျိုး တွင်ဖခင်၏ အရိုက်အရာကို သားကြီးက ဆက်ခံရသည်။ အမွေကိုလည်း သားယောကျာ်းများကသာ ဆက်ခံခွင့်ရှိပြီးသမီး မိန်းကလေးများမှာ လုံးဝ အရိုက်အရာ ခံယူခွင့်၊ အမွေခံစားခွင့် မရှိကြပေ။ မိန်းမများသည် အိမ်ထောင်ပြုလျှင် ခင်ပွန်းနောက်သို့ လိုက်ရသဖြင့် သူစိမ်းဟု သဘော ထားကြသည့်ဓလေ့မျိုးဖြစ်သည်။လားဟူ လူမျိုးတို့ အမွေခွဲရာတွင် မိဘသဘောအတိုင်း စိတ်တိုင်းကျ ခွဲဝေ နိုင်သည်။ မိဘနှင့် အသက်ထက်ဆုံးနေသော သားသမီးများ သို့မဟုတ် သေဆုံးစဉ်က အတူရှိသူများကို အမွေအများဆုံး ပေးလေ့ရှိသည်။လွယ်လ လူမျိုးတို့တွင် သားကြီးများက အရိုက်အရာ ခံရသည်။ သားကြီးမရှိလျှင် တူ၊ ညီ၊ ဦးလေးတို့က ဆက်ခံရပြီးအမွေ ခွဲဝေရာတွင် မိဘသဘော ဖြင့်သာဆုံးဖြတ်လေ့ရှိကြသည်။ ဆီးယင်း ချင်းလူမျိုး တွင်မူ မိဘ၏ အငယ်ဆုံး သားယောကျာ်းလေးကသာ အမွေကို ခံရစမြဲလေ့ ရှိလေသည်။ မိဘအမွေခံထိုက်သော သားအထွေးဆုံးသည် မိမိသဘောဖြင့် မိဘအိမ်မှ ခွဲထွက်၍ အိမ်သစ် အိုးသစ်ဖြင့်နေလျှင် မိဘအမွေပိုင်ဆိုင်မှုကို ထုံးစံဓလေ့အရ ရုပ်စဲခြင်းခံရပြီး ဒုတိယ သားထွေးက လက်ခံလေ့ရှိသည်။နောက်အော် နာဂ လူမျိုးတွင်မူ မိဘနှစ်ပါးစလုံး ကွယ်လွန်သွားလျှင် သားသမီးများထဲမှ အကြီးဆုံး ကျန်ရစ်သူက အိမ်ထောင်စုကို အုပ်ထိန်းခွင့်ရမည် ဖြစ်သည်။ မိသားစုတစု၌ ဇနီးကွယ်လွန်သွားလျှင် သူမ၏ ပါရင်းပစ္စည်းများကို လင်ယောကျာ်းမှ ရယူခွင့်မရှိဘဲ သူမ၏ မိဘများမှ ပြန်လည်သိမ်းယူခွင့်ရှိသည်။ လက်ထက်ပွားပစ္စည်းတို့ကိုမူကား သားသမီးတို့ကို ပေးဝေရမည် ဖြစ်သည်။ အိမ်ကိုမူကား သားယောကျာ်းအကြီးဆုံးက ပိုင်ဆိုင်နိုင်ပြီး သားယောကျာ်းမရှိဘဲ မိဘတို့ ကွယ်လွန်ခဲ့လျှင် ထိုအိမ်ကို ဖခင်၏ ဆွေမျိုးများက သိမ်းပိုက်နိုင်မည် ဖြစ်ပေသည်။ ထို့အပြင်ယင်းတလဲ လူမျိုးတို့အမွေ ခွဲဝေရာတွင် မိဘများ ကွယ်လွန်၍ ကျန်ရစ်ခဲ့သော အမွေပစ္စည်းများကို အကြီးဆုံးနှင့် အငယ်ဆုံးက ပို၍ ရရှိကြသည် (International Development Law Organization, 2014)။

သို့သော် ထိုလူမျိုးစုများနေထိုင်ရာ ဒေသများအတွင်းထိုစီရင်မှုများသည် ဗဟုတရားစီရင်ရေးစနစ် အဖြစ် စည်းနှောင်မှုရှိသော်လည်း ဥပဒေအရ တရားဝင် အသိအမှတ်မပြုမှုနှင့် တိုင်းရင်းသားလူမျိုးစုများ၏ စီရင်မှုတို့သည် မည်ကဲ့သို့သော စီရင်မှု မျိုးဖြစ်စေကာမူ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၃ အရ

တရားရုံးဖွဲ့စည်းပုံများအရ လည်းကောင်း၊[5] ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ၂၀၁၀ ပုဒ်မ ၅၆ သည် ပြစ်မှု/တရားမ မူလမှုများကို စီရင်နိုင်သည့် စီရင်ပိုင်ခွင့်အာဏာကို မြို့နယ်တရားရုံး များသို့အပ်နှင်းထားခြင်းကြောင့်[6] ဗဟုတရားစီရင်ရေး စနစ်အား ၂၀၀၈ဖွဲ့စည်းပုံ အခြေခံဥပဒေမှ အသိအမှတ်ပြုမထားသည် ကိုအထင်အရှားတွေ့နိုင်သည်။ ထို့အပြင် မြေယာစုပေါင်းပိုဆိုင်ခွင့်(communal land system) နှင့်ပက်သက်၍ ယခင်က အစဉ်အဆက် တိုင်းရင်းသားလူမျိုးစုအသီးသီးကြားတွင်လက်ခံကျင့်သုံးခဲ့သော်လည်း ၁၉၆၂ အာဏာသိမ်းပြီး ၁၉၇၄ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေများမှ အသိအမှတ်ပြုခြင်းမရှိတော့ ကြောင်း ဦးအောင်ထူးမှ "Customary Land Right လို့ခေါ်ပြီး 1962 ခုနှစ်နောက်ပိုင်းမှာကျတော့ စစ်တပ်အာဏာသိမ်းပြီးတဲ့အခါမှာ ဒီဟာကိုအသိအမှတ်မပြုတော့ဘူး။နောက်ထပ် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၃၇)အရ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ရေထုလေထုမြေထုက နိုင်ငံတော်ပိုင်တယ်ဆို တာဖြစ်လာတယ်။ အဲတော့ Customary land rights ကိုလည်းဖျက်လိုက်တယ်ဆိုတဲ့သဘောပေါ့" ဟုထောက်ပြပြောဆိုသည်။

၁၉၇၀ပြည့်နှစ် နောက်ပိုင်းတွင် ကရင်အမျိုးသားအစည်းအရုံးမှ ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေအတွင်း ကရင်ဘာသာစကားဖြင့် စီရင်သော တရားရုံးများ၊ ၊ အကျဉ်းထောင်များ နှင့် ကရင့်အမျိုးသားရဲတပ်ဖွဲ့(KNPF) အစရှိ သည့် တရားစီရင်ရေး စနစ်တစ်ခုကို တည်ထောင်သကဲ့သို့ (Kyed, 2017) ရခိုင်ပြည်နယ် အတွင်း ၂၀၂၂ ခုနှစ် အတွင်း တရားရုံးများ ဖွင့်လှစ်၍ အမှုလက်ခံဖြေရှင်းသည်စနစ်များကို တည်ထောင် ထားခဲ့ ပါသည်။ ယင်းတို့သည် ဗဟုတရားစီရင်ရေး၏ ပြယုဂ်များဟု ဆိုနိုင်သော်လည်း တရားစီရင်ရေးစနစ် တစ်ခုအတွင်း ဥပဒေအရ အသိအမှတ်ပြုခြင်းထက် ထိန်းချုပ်နယ်မြေများတွင် ဗဟုတရားစီရင်ရေး ကို အကောင်အထည်ဖော်ခြင်းဟု စောဒကတက်နိုင်သည့် အခြေအနေမျိုး ဖြစ်သည်။ ထို့အပြင် ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ဘုန်းတော်ကြီးနှင့် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များ၊ ရပ်မိရပ်ဖများမှ ကြားဝင်ဖြန်ဖြေ ပေးသော သမာရိုးကျမဟုတ်သည့် တရားစီရင်ရေးစနစ်(informal justice) ကိုကျေးလက်တောရွာ အချို့၌ ကျင့်သုံးကြသော်လည်း ယင်းတို့သည်ဗဟုတရားစီရင်ရေး စနစ်ကို ရုပ်လုံးပေါ်စေသည် အထောက်အပံ့ စနစ်များမဟုတ်ကြောင်း သတိချပ်ကြရန်လိုအပ်ပါသည်။

ဖက်ဒရယ် ပြည်ထောင်စု စနစ်ကို တည်ဆောက်ရန် အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးသာမက တရားစီရင်ရေးတွင် အာဏာခွဲဝေမှုကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးစုများ၏တရားစီရင်ရေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါဝင်သည့် ဖက်ဒရယ်တရားစီရင်ရေးဆိုင်ရာမူဝါဒများ၊ စံနှုန်းများနှင့် လူ့အခွင့်အရေးများကို မချိုးဖောက်သည့်ကာလပတ်လုံး (ဥပမာ-ကျားမတန်းတူညီမျှရေးချိုးဖောက်ခံရသည့် အမွေခွဲဝေမှုများ၊ အသက်အန္တရာယ်ကို ထိပါးစေနိုင်သည့် စီရင်ဆုံးဖြတ်မှုများ၊

လူနည်းစုတွင်းမှလူနည်းစုများကို ဖိနှိပ်သည့် ခွဲခြားဆက်ဆံသည့်သဘောသက်ရောက်သည့်စီရင်မှုများ အစရှိသဖြင့်) ပြည်ထောင်စု အဆင့်တရားစီရင်ရေးစနစ်မှ ဝင်ရောက်စွက်ဖက်လွှမ်းမိုးခွင့်မပေးဘဲ မူလမှုအဖြစ်စီရင်ခွင့် (Original Jurisdiction) ကို လက်ခံရမည်ဖြစ်သည်။ တိုင်းရင်းသားလူနည်းစုများသည် မိမိတို့ကိုယ်ပိုင် တရားစီရင်ရေး စနစ်ထက် ပြဋ္ဌာန်းဥပဒေ (Statute Law) များဖြင့်အာဏာအပ်နှင်းထားသည့် သမာရိုးကျတရားရုံးများ (Formal Court) စနစ်ကို ရွေးချယ်လိုသည့် အခါမျိုးနှင့် မိမိတို့ ကိုယ်ပိုင် တရားစီရင်ရေးစနစ်မှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များကို မကျေနပ် သဖြင့် အယူခံ၊ ပြင်ဆင် တင်သွင်းသည့် အခါ မျိုးမှ တပါး တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဗဟုတရားစီရင်ရေးစနစ်ကို ဖက်ဒရယ်စနစ်၏ အစိတ်အပိုင်းအဖြစ် အာမခံချက်ပေးရမည်ဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း လူ့အခွင့်အရေးကို မချိုးဖောက်သည့် ကာလပတ်လုံးဟုဆိုရာတွင် "အိန္ဒိယမှာ မဟာရာဂျာစော်ဘွားတွေ သေလို့ရှိရင် သူ့မိန်းမတွေအကုန် မြေကျင်းထဲလိုက် ခုန်ချပြီးသေရတယ်။ ဒါသူ့ရဲ့ဓလေ့ထုံးတမ်းပဲ ကျင့်သုံး တာကြာလှ ပြီ။ နောက်ဆုံးတော့ အိန္ဒိယလွှတ်တော်ကဆုံးဖြတ်လိုက်တယ်။ ဒါဓလေ့ထုံးတမ်းတော့ ဓလေ့ ထုံးတမ်း ဖြစ်တယ်။ တန်ဖိုးထားရမယ်။ လေးစားရမယ်။ လိုက်နာရမယ်။ ဒါကိုလက်ခံတယ်။ သို့သော် ဒီ ဓလေ့ ထုံးတမ်းက လူ့အသက်နဲ့ကျန်းမာရေးကို ထိပါးတယ်။ ဒါကြောင့်လွှတ်တော်က ဥပဒေပြဋ္ဌာန်းပြီး ပိတ်ပလိုက်တယ်။ အဲတာမျိုးကလွဲရင် လူ့အသက်နဲ့ကျန်းမာရေးကိုမထိပါးတဲ့ ဓလေ့ထုံးတမ်းဥပဒေမျိုးကို သက်ဆိုင်ရာလူမျိုးက နှစ်ပေါင်းရာထောင်ချီကျင့်သုံးလာတယ်။ ဘာပြဋ္ဌာန်းဥပဒေမှမဟုတ်ပဲနဲ့ သူ့ဘာသာ သူရိုးရာအစဉ်အလာရကျင့်သုံးလာခဲ့တဲ့ ဓလေ့ထုံးတမ်းတွေကတော့ဖြင့်ရင် ဆက်လက်တည်ရှိသင့်တယ် ဆိုတဲ့ဟာအပေါ်မှာ ပြန်စဉ်းစားဖို့လိုတယ်။" ဟု ဦးအောင်ထူးက ဆိုပါသည်။ ထိုကဲ့သို့ လူ့အခွင့်အရေးကိုအာမခံသည့်ကိစ္စနှင့် လူ့အသက်နှင့်ကျန်းမာရေးကို ထိခိုက်စေသော ဓလေ့ထုံးတမ်းတစ်ခု အား ဥပဒေပြုလွှတ်တော်များမှ ဥပဒေပြဋ္ဌာန်း၍ ကန့်သတ်ပိတ်ပင်နိုင်ကြောင်း ကို အိန္ဒိယ တွင် အမျိုးသား သေဆုံးသောအခါ ကျန်ရစ်သူဇနီးမယားကပါဆန္ဒအလျောက် မီးသင်္ဂြိုလ်ရာတွင် အရှင်လတ်လတ် သင်္ဂြိုလ်ခံရသည့် ဆက်တီ (Sati) ဓလေ့ထုံးတမ်းအား ၁၈၂၉ ဘန်ဂဲလ် ဆက်တီစည်းမျဉ်း (Bengal Sati Regulation 1829,regulation XVII)နှင့် ၁၉၈၇ ဆက်တီကာကွယ်ရေးကော်မရှင်အက်ဥပဒေ (The commission of Sati(prevention) Act 1987) ဥပဒေထုတ်ပြန်၍ဟန့်တားသကဲ့သို့ပြုလုပ်နိုင်ပါသည်။

ချင်းလူမျိုးများသည် တောင်ပေါ်ဒေသများတွင် သားရဲအန္တရာယ်များရှောင်ရှားရန်၊ ဝမ်းစားရှာဖွေရန်နှင့် ရိုးရာဓလေ့အရ ဓါးများသယ်ဆောင်သွားလာခြင်းသည် လက်နက်အက်ဥပဒေ ပုဒ်မ ၁၉ [7]အရ ပြစ်မှု မြောက်နိုင်ခြင်း၊ ထားဝယ် လူမျိုးများ၏ စားသောက်ဖွယ်ရာများတွင်ထည့်သွင်းသည့် ထန်းရည်၊ ဓနိရည်များ ရောင်းချလျှင် ၁၈၁၇ ယစ်မျိုးခွန်ဥပဒေ အရ ဖမ်းဆီးနိုင်သည့် အခြေအနေများသည်[8] ဗဟိုချုပ်ကိုင်မှုများသောဥပဒေ ပြဿနာဟုဆိုနိုင်သကဲ့သို့ ဗဟုတရားစီရင်ရေးစနစ်ကို အသိအမှတ်

မပြုသည့် အတွက် အမှုများမလိုအပ်ဘဲ ဖောင်းပွနေရခြင်းဖြစ်သည်ဟုလည်း မှတ်ယူနိုင်ပါသည်။ ဗဟုတရား စီရင်ရေး စနစ်ဖြင့် လူမျိုးစုတိုင်းရင်းသားများ၏ လူမှုရေးအငြင်းပွားမှုများ၊ မြေယာအငြင်းပွားမှုများနှင့် ယခင်အစဉ် အဆက် ထိန်းသိမ်းခဲ့သော ဓလေ့ထုံးတမ်းများ ကိုအသိအမှတ်ပြုခြင်းသည် ဖက်ဒရယ် တရားစီရင်ရေးစနစ်၏ လျစ်လျူရှု၍မရသော အစိတ်အပိုင်းများအဖြစ် အလေးထားသင့်ပါသည်။

## မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဖက်ဒရယ် ဗဟုတရားစီရင်ရေးဆိုင်ရာ စဉ်းစားချက်များ

ဗဟုတရားစီရင်ရေးစနစ်သည် နယ်မြေကိုအခြေခံသည့် နိုင်ငံဖွဲ့စည်းပုံရှိသော ဖက်ဒရယ်စနစ်တွင် အရေးပါသော စနစ်တစ်ခုအဖြစ် ထည့်သွင်းသုံးသပ်ရန် မလိုအပ်သော်လည်း လူမျိုးစုများကို အခြေခံပြီး ကွဲပြားမှုစုံလင်သောလူ့အဖွဲ့အစည်းကိုအခြေပြုရမည့် အခင်းအကျင်းမျိုး ရှိနေသည့် မြန်မာနိုင်ငံ ကဲ့သိုသော နိုင်ငံများတွင်မူ ဗဟုတရားစီရင်စနစ်ကို အသိအမှတ်ပြု ထည့်သွင်းစဉ်းစားရန် အလွန်အရေးကြီး လှပါသည်။ မြန်မာနိုင်ငံသည် တရားစီရင်ရေးစနစ်တွင် အင်္ဂလိပ်ရိုးရာဥပဒေကို ယနေ့တိုင်ကျင့်သုံးလျှက် ရှိသည့်အားလျော်စွာ ကိုလိုနီခေတ်မှယနေ့တိုင် အသိအမှတ်ပြုခဲ့သော ဘာသာရေး ဥပဒေ ၊ ဓလေ့များအပေါ် အခြေပြုသည့် လူမှုရေးပြဿနာများ (လက်ထက်ထိမ်းမြားခြင်း၊ အမွေဆက်ခံခွင့် စသည်ဖြင့်) တို့ကို တရားစီရင်ရေး စနစ်က အသိအမှတ်ပြုလက်ခံသကဲ့သို့ ဝေးလံခေါင်သီသောလူမျိုးစုများနေထိုင်ရာ ဒေသအချို့တွင် ယခင်ကတည်းက အစဉ်အဆက် ကျင့်သုံးခဲ့သော ဓလေ့ထုံးတမ်းဥပဒေများနှင့် တရား စီရင်ရေးပုံစံ များကို ဖက်ဒရယ်တရားစီရင်ရေး၏ အင်္ဂါရပ်အတွင်း မည်ကဲ့သို့အသိအမှတ်ပြု လက်ခံကျင့်သုံး မည်ကို ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည်။ အမှုအမျိုးအစားနှင့် စီရင်ပိုင်ခွင့်နယ်ပယ်များကို ဥပဒေဖြင့် တိကျစွာသတ်မှတ် ပြဋ္ဌာန်း ကန့်သတ်ရန်လိုအပ်သကဲ့သို့ ပြည်ထောင်စုအဆင့် လွှတ်တော်များမှ ပြဋ္ဌာန်းသည့် ဥပဒေများအပေါ် အခြေခံပြီ တရားစီရင်သည့် ကိစ္စရပ်များနှင့် လူမျိုးစုတိုင်ရင်းသားတို့ ဓလေ့အရဆုံးဖြတ်သည့် ကိစ္စရပ်များမှ ဖြစ်ပေါ်လာနိုင်သည် ဥပဒေပိုင်း ဆိုင်ရာ အငြင်းပွားမှု (Issues of Law), အကြောင်းချင်းရာဆိုင်ရာ အငြင်းပွားမှု (Issues of facts)များ၊ စီရင်ပိုင်ခွင့်ပဋိပက္ခဖြစ်မှု (conflict of jurisdiction)များကို ထိန်းညှိပေး နိုင်သော(ဝါ) ဆုံးဖြတ်ပေးနိုင်သော ယန္တရားတစ်ခုလိုအပ်မည်ဖြစ်ပြီး ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားစီရင်ရေး၏ မူ (Judicial Principle) တစ်ခုအဖြစ် ထည့်သွင်းပြဋ္ဌာန်းနိုင်ရန် အတွက်ကိုလည်း အထူးတလည် စဉ်းစားထားသင့်ပါသည်။

ဗဟုတရားစီရင်ရေးစနစ် ကိုလက်ခံ ကျင့်သုံးသည့် အချို့သောနိုင်ငံများတွင် ထို စီရင်ဆုံးဖြတ်ပိုင်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုကို စီရင်ပိုင်ခွင့်အာဏာအပ်နှင်းထားသည့် တရားလွှတ်တော်ချုပ် (သို့မဟုတ်) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးထံသို့ ဆုံးဖြတ်ပိုင်ခွင့်အာဏာအပ်နှင်းထားပြီး မြန်မာနိုင်ငံ တွင်လည်း ထိုကဲ့သို့ ဗဟုတရားစီရင်ရေးစနစ်မျိုးကို ဖက်ဒရယ် ပြည်ထောင်စုတရားစီရင်ရေး အင်္ဂါရပ်တွင် ထည့်သွင်းမည်ဆိုပါက ထို အငြင်းပွားမှုဖြေရှင်းရေး

ယန္တရား တစ်ခုပါ ထည့်သွင်းရန်လိုအပ်ပါသည်။ ထို့အပြင် ဗဟုတရားစီရင်ရေးစနစ်အရ တစ်ခုထက်ပိုသော တရားစီရင်ရေးစနစ်များကို လက်ခံသည့်တိုင်အောင် နိုင်ငံသားတစ်ဦး၏ လူ့အခွင့်အရေး၊ နိုင်ငံသား အခွင့်အရေးများကို ထိခိုက်ဆုံးရှုံးစေနိုင်သည့် မည်သည့် ဆုံးဖြတ်မှုမျိုး ကိုမဆို အကာအကွယ်ပေးနိုင်မည့်၊ အာမခံချက်ပေးနိုင်မည့် တရားစီရင်စနစ်ကိုလည်း ဖက်ဒရယ်တရားစီရင်ရေးစနစ်အတွင်း အခိုင်အမာထည့်သွင်း တည်ဆောက်သွားရန်လည်း လိုအပ်ပါသည်။ ယင်းအတွက် စီရင်ပိုင်ခွင့်အာဏာများကို ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ရုပ်သိမ်းခြင်း အစရှိသည် တို့ကိုပြုလုပ်နိုင်မည့် စီရင်ပိုင်ခွင့်ဆိုင်ရာ မူသဘောတရားများကို လည်းထည့်သွင်း စဉ်းစားရန် လိုအပ်မည် ဖြစ်သည်။

အဓိကမှတ်သားစရာများ

- နိုင်ငံအတွင်း တစ်ခုထက်ပိုသော ဥပဒေစနစ်များတည်ရှိနေခြင်းကို ဥပဒေရေးရာဗဟုဝါဒဟုခေါ် ပြီး ယင်းဥပဒေဗဟုဝါဒအပေါ်အခြေခံကာ တရားစီရင်ရေးစနစ်တစ်ခုထက်ပို၍ တည်ရှိနေခြင်းကို ဗဟုတရားစီရင်ရေးစနစ်ဟုခေါ်သည်။ ဖက်ဒရယ်နိုင်ငံတည်ဆောက်ရန်၊ တိုင်းရင်းသားလူမျိုးအသီးသီး၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို မပျောက်ပျက်စေရန်နှင့် နယ်မြေဒေသအလိုက် လိုက်လျောညီထွေရှိသော ဥပဒေစနစ်ကို အကောင်ထည်ဖော်ရန် ဗဟုတရားစီရင်ရေးကို အသိအမှတ်ပြု ဖော်ဆောင်ရန်လိုအပ်သည်။ အုပ်စုအသီးသီး၏ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် လူတစ်ဦးခြင်းစီ၏ အခွင့်အရေးများအကြား ပွတ်တိုက်မှု၊ စီရင်ပိုင်ခွင့်ပဋိပက္ခဖြစ်မှု အစရှိသည်တို့ကို မူကောင်းကောင်းနှင့် ဖြေရှင်းပေးနိုင်သော ယန္တရားတစ်ခုမှာ မလွှဲမရှောင်သာ လိုအပ်ပါသည်။

## စစ်ဘက်ဆိုင်ရာတရားရုံးများနှင့် တရားစီရင်ရေးမဏ္ဍိုင်လွတ်လပ်မှု[10]

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အထွေထွေတရားရုံးများ (အရပ်ဘက်တရားရုံးများ) သည် အများ ပြည်သူအတွက်အမှုများကို စစ်ဆေးစီရင်ရန်အတွက် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့်များအကြား

[10] ဤစစ်ဘက်ဆိုင်ရာ တရားရုံးနှင့်ပါတ်သက်သည့် ဆွေးနွေးချက်များသည် ဖက်ဒရယ်တရားစီရင်ရေး အင်္ဂါရပ်များတွင် အရေးပါသော အခန်းကဏ္ဍမရှိသော်လည်း မြန်မာနိုင်ငံ၏ တရားစီရင်ရေးနယ်ပယ်တွင် စစ်ဘက်ဆိုင်ရာတရားရုံးများကို ထူးကဲသာလွန်သော အခွင့်အာဏာများအပ်နှင်းထားခြင်းကြောင့် ချန်လုပ်ထား၍မရသော စာတမ်း၏အစိတ်အပိုင်းတစ်ခုအဖြစ် မှတ်ယူ၍ ထည့်သွင်းဆွေးနွေးခြင်းဖြစ်ပါသည်။

အာဏာပိုင်ခြားသတ်မှတ်ခြင်းမရှိဘဲ တရားရုံးအဆင့်တစ်ဆင့်တည်း ရှိသည့်စနစ် (Single Court Hierarchy) မျိုးဖြစ်သည်။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က နိုင်ငံအတွင်းရှိ တရားရုံးအားလုံးကို ကြီးကြပ်ကွပ်ကဲပါသည်။[2] သို့ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ထိုသို့အပ်နှင်းထားသော အမြင့်ဆုံးတရားစီရင်ရေး အာဏာသည် စစ်ဘက်ဆိုင်ရာတရားရုံးများ နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ စီရင်ပိုင်ခွင့်အာဏာ များကို မထိခိုက်ရဟု ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်။[3] ထို့ကြောင့် စစ်ဘက်ဆိုင်ရာ တရားရုံးများ၏ ဆုံးဖြတ်ချက်အပေါ် အရပ်ဘက်တရားရုံးများအနေဖြင့် အခြေအနေအချို့မှလွဲ၍[11] ဝင်ရောက်မစွက်ဖက်နိုင်အောင် ပြုလုပ်ထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်ဖြစ်သည်။ ဒီမိုကရေစီစနစ် ကျင့်သုံးသော နိုင်ငံ၏ တရားစီရင်ရေးစနစ် ခိုင်မာအားကောင်းရန်ဆိုလျှင် တရားလွှတ်တော်ချုပ် (Supreme Court) ကို တရားစီရင်ရေး၏ အမြင့်ဆုံးနေရာတွင် ထားရှိပြီး အခြားသော မည်သည့်အဖွဲ့အစည်းကမျှ လွှမ်းမိုးမှုမရှိအောင် သို့တည်းမဟုတ် မည်ကဲ့သို့သော အမှုအခင်း၊ အငြင်းပွားမှုမျိုးဖြစ်သည် ဖြစ်စေ တရားလွှတ်တော်ချုပ်ထံတွင်သာ နောက်ဆုံး အပြီးသတ်ဆုံးဖြတ်ပိုင်ခွင့် အခွင့်အာဏာ ရှိနေစေအောင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသေအချာ ပြဋ္ဌာန်းထားရန် လိုအပ်ပေသည်။

စစ်ဘက်ဆိုင်ရာတရားရုံးများကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ နှင့်အခြား ဥပဒေအရ ဖွဲ့စည်း တည်ထောင်ပြီး တပ်မတော်သားများ အတွက် တရားစီရင်ရမည်ဟုပြဋ္ဌာန်းထားသည်။[4] အခြားဥပဒေ အရဆိုသည်မှာ ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေ (the Defence Services Act, 1959) အရဖြစ်သည်။ ကြည်းတပ်၊ ရေတပ် နှင့် လေတပ်မှ တပ်မတော်သားများကို စစ်ဆေးစီရင်ရန် စစ်တရားရုံးချုပ် (General Court-Martial)၊ တိုင်းစစ်တရားရုံးများ (District Courts-Martial)၊ အကျဉ်းစစ် တရားရုံးချုပ် (Summary General Courts-Martial) နှင့် တပ်တွင်းစစ်တရားရုံးများ (Summary Courts-Martial) ဟူ၍တရားရုံးအဆင့်ဆင့်ကို ဖွဲ့စည်းတည်ထောင်ထားသည်။[5] ဤဥပဒေအရ ပုဒ်မ၇၂ပါ ပြဌာန်းချက်နှင့်အညီ စစ်သားများကျူးလွန်သော အရပ်ဖက်ပြစ်မှုများသည်လည်း စစ်တရားရုံးဖြင့်သာ ပြစ်ဒဏ်ထင်ရှား စစ်ဆေးစီရင်သည်။[6] မည်မျှကြီးလေးသော အရပ်ဖက်ပြစ်မှုကိုမဆို တန်းပြည့် စစ်မှုထမ်းနေစဉ် သို့မဟုတ် မြန်မာနိုင်ငံပြင်ပတွင် သို့မဟုတ် သီးခြားအမိန့်ကြေညာစာအရ တာဝန်ကျရာ နယ်စပ်စစ်စခန်းတွင်ကျူးလွန်လျှင် စစ်တရားရုံးကသာလျှင် စစ်ဆေးဆုံးဖြတ်သည်။ အရပ်ဖက်တရားရုံးများသည် ထိုအချိန်ကာလများတွင် ကျူးလွန်သည့်အမှုများကို စွက်ဖက်စီရင်ခွင့်မရပေ။[7] ဤပြဋ္ဌာန်းချက်များသည် အရပ်ဘက်တရားရုံးများမှ

[11] ၁၉၅၉ တပ်မတော် အက်ဥပဒ ပုဒ်မ ၇၂ အရ စစ်တရားရုံးများဖြင့် မစစ်ဆေးနိုင်သော နယ်ဘက်ပြစ်မှုများဟူ၍ သီးခြားပြဋ္ဌာန်းထားသော်လည်း လက်တွေ့တွင် အရပ်ဘက်တရားရုံးနှင့် စစ်ဘက်တရားရုံးများ စီရင်ပိုင်ခွင့် အငြင်းပွားသည့်အခါ စစ်ဘက်တရားရုံးများကသာ အားသာလေ့ရှိပြီး အရပ်ဘက်တရားရုံးများမှ စီရင်ပိုင်ခွင့်ရရှိရန် စောဒကတက်သည့်အခြေအနေ မရှိသလောက်ဖြစ်ခဲ့သည်။

ပြန်လည်ဆန်းစစ်နိုင်မှု၊ ထိုအရပ်ဘက်တရားရုံးများသို့ အယူခံလျှောက်ထားနိုင်မှုမရှိသည့်အခါ ပြည်သူများအတွက် တရားမျှတသော တရားစီရင်ရေးဆုံးရှုံးနိုင်သည့် ပြဌာန်းချက်များဖြစ်လာသည်။ ဤတွင် စစ်သားများအပါအဝင် လူထု၏ လွတ်လပ်မှုနှင့် တရားမျှတမှုကို နိုင်ငံ၏အမြင့်ဆုံးဖွဲ့စည်းပုံ အခြေခံဥပဒေက အပြည့်အဝ အကာအကွယ်ပေးမထားကြောင်း သက်သေခံနေသည့် ပြဌာန်းချက်များလာဖြစ်သည်။

စစ်မှန်သော ဖက်ဒရယ် တရားစီရင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော တရားစီရင်ရေး ဆိုင်ရာ ပြဌာန်းချက်များသည် အလွန်အရေးကြီးလှသည်။ ဖက်ဒရယ်နိုင်ငံများ၏ တရားစီရင်ရေးတွင် စစ်ဖက်ဆိုင်ရာ အမှုများကိုဖြေရှင်းရန် စစ်ခုံရုံး သို့မဟုတ် စစ်တရားရုံးများ တည်ထောင်ထားရှိကြသော်လည်း ထိုစစ်တရားရုံးများအပေါ် အာဏာနှင့်လုပ်ပိုင်ခွင့်များကို အကန့်အသတ်ဖြင့်သာ ပေးအပ်ထားပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀ (ခ) နှင့် ၃၁၉ တို့အရ ဖွဲ့စည်းထားသည့် စစ်ဘက်ဆိုင်ရာ တရားရုံးစနစ်သည် စစ်တရားစီရင်မှုကို အကန့်အသတ်မရှိ အစွမ်းကုန် အာဏာပေးအပ်ထားပါသည်။ ပုဒ်မ ၂၉၄ အရ စစ်ဘက် ဆိုင်ရာရုံး၏ အမြင့်ဆုံးအာဏာပိုင်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် (Supreme Court of Union) မဟုတ်ပေ။ တနည်းအားဖြင့် ကာကွယ်ရေးဦးစီးချုပ်၏ ဆုံးဖြတ်ချက်ကို မည်သည့်တရားရုံးကမျှ မည်သည့်နည်းနှင့်မျှ ဝင်ရောက်စွက်ဖက်ခွင့်ရှိမနေခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် စစ်တရားရုံး၏ နောက်ဆုံး အယူခံတရားရုံးသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် (Supreme Court) ပင်ဖြစ်သည်။

မာရှယ်လော (Martial Law) အရ တည်ထောင်သောစစ်ခုံရုံးနှင့် စစ်ဘက်ဆိုင်ရာတရားရုံးတို့သည် သဘော သဘာဝ အားဖြင့် မတူညီကြပါ။ စစ်ဘက်ဆိုင်ရာတရားရုံးများသည် စစ်သားများအား စစ်ဘက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်လျှင် တရားစီရင်ရန်အတွက် ဖွဲ့စည်းထားသော သီးခြားတရားရုံးဖြစ်သည်။ သို့သော် ထိုစစ်ဘက်ဆိုင်ရာတရားရုံးများကို အကန့်အသတ်ဖြင့်သာ အာဏာပေးအပ်ထားပါသည်။ စစ်ခုံရုံးများသည် သာမန်ပြည်သူများကို ချွင်းချက်မရှိ စစ်ဆေးစီရင်ပိုင်ခွင့် အပ်နှင်းထားသော တရားရုံးများ ဖြစ်ပါသည်။ မာရှယ်လော (Martial Law) ထုတ်ပြန်ထားသောနယ်မြေ ဒေသများတွင် စစ်တိုင်းမှူးများသည် စစ်ခုံရုံးများဖွဲ့စည်းပြီး အမှုများကို ကြားနာစစ်ဆေးနိုင်သည်။ ထိုကာလအတွင်း စစ်ခုံရုံးများမှ သေဒဏ် ချမှတ်ရာတွင် ကာကွယ်ရေးဦးစီးချုပ်၏ သဘောတူညီချက်ဖြင့် ချမှတ်နိုင်သည်။ ချမှတ်ပြီးနောက် စီရင်ချက် ကိုလည်း ကာကွယ်ရေးဦးစီးချုပ်က မိမိသဘောအလျောက် ပြင်ဆင်မှုလုပ်နိုင်သည်။[8] မာရှယ်လော ထုတ်ပြန် ထားသည့်ကာလသည် အများပြည်သူအတွက် လွတ်လပ်ပြီးတရားမျှတသည့် တရားစီရင်ရေး ဆုံးရှုံးသော ကာလဖြစ်သည်။ စစ်ခုံရုံးဆုံးဖြတ်ချက်ကို အထွေထွေတရားရုံးများတွင် အယူခံပိုင်ခွင့်မရှိသလို စာဒက တက်ခွင့်လည်းမရှိပေ။ ထို့ကြောင့် ထိုသို့သော ဥပဒေများ စီမံချက်များရှိနေခြင်းသည် လွတ်လပ်သော တရားစီရင်ရေးမဏ္ဍိုင်အား မခိုင်မာစေတတ်သလို

စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီလည်း လုံးဝမရှိနိုင်ပေ။ အဆိုပါပြဋ္ဌာန်းချက်များသည် ပြည်သူများလွတ်လပ်ခွင့် တရားမျှတမှုအခွင့်အရေးများကို ဝါးမြိုထားသည့် ဆိုးဝါးသောစနစ်တစ်ခုဖြစ်သည်။

စစ်ဘက်ဆိုင်ရာတရားရုံးများကို အရပ်သားတရားစီရင်ရေးမဏ္ဍိုင်၏ လမ်းညွှန်ထိန်းကျောင်းမှုအောက်တွင် ထားရှိရမည့်အပြင် (အထူးသဖြင့် ဒီမိုကရေစီအတွေ့အကြုံများစွာမရှိခဲ့သော နိုင်ငံများရှိ) တရားစီရင်ရေးမဏ္ဍိုင် အားကောင်းခိုင်မာစေရန် ကိုက်ညီနေရမည်ဖြစ်သည့် အခြားစံနှုန်းများလည်း ရှိသေးသည်။ Federal Law Academy မှ ကျောင်းအုပ်ကြီးဖြစ်သူ ဦးအောင်ထူးက 'Independent, Impartial, Efficient, Resource Rich' ဆိုသည့် ခိုင်မာအားကောင်းသည့် တရားစီရင်ရေးမဏ္ဍိုင်များရှိအပ်သော ဝိသေသ လေးခုကို မည်သည့်နိုင်ငံတွင်မဆို အရေးကြီးကြောင်းဆိုသည်။ 'လွတ်လပ်ဘက်မလိုက် ထက်မြက်သော လိုအပ်တဲ့အရင်းအမြစ်တွေဖြည့်ဆီးခံထားရသော တရားစီရင်ရေးဟာ နိုင်ငံတွေမှာ ရှိသင့်သလို ရှိရမယ် ဆိုတဲ့မှုဟာ ထိပ်တန်းကဖြစ်ရမယ်။ အဲတာကျတော့ ဖက်ဒရယ်ပဲဖြစ်စေ၊ တစ်ပြည်ထောင်ပဲဖြစ်စေ ဘယ်တိုင်းပြည်မှာဖြစ်စေ…" ဟု ဦးအောင်ထူးက ပြောသည်။ ဤဝိသေသများမှာ တရားစီရင်ရေး (ပြစ်မှုတရားမနှင့် ဥပဒေအရအပ်နှင်းထားသည့် အမှုများစီရင်ရေး)အတွက်အရေးပါသလို တည်ထောင်ပြီးစ ဖက်ဒရယ်နိုင်ငံများရှိ လွတ်လပ်ပြီး အားကောင်ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးအတွက် ပို၍ပင်အရေးသည်။ နိစ္စဓူဝ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများနှင့် အင်အားကြီးမားသည့် အစိုးရမဏ္ဍိုင်များ၊ အစိုးရအဆင့်ဆင့်တို့ကြား ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသော မူသဘောတရားများ (constitutional principle) များကို ကာကွယ်ထိန်းသိမ်းရန် တရားစီရင်ရေးမဏ္ဍိုင်သည် အထက်ပါ ဝိသေသများ ပြည့်စုံနေရမည်ဖြစ်သည်။

အဓိကမှတ်သားစရာများ

- စစ်ဘက်ဆိုင်ရာတရားရုံးများသည် ဒီမိုကရေစီနိုင်ငံများတွင်လည်း တည်ရှိသောအဖွဲ့အစည်းများဖြစ်သည်။ မြန်မာနိုင်ငံ၏အတွေ့အကြုံနှင့် အခြားနိုင်ငံများနှင့် ကွာခြားချက်မှာ ထိုနိုင်ငံများတွင် စစ်ဘက်ဆိုင်ရာတရားရုံးများသည် အရပ်သားတရားစီရင်ရေး၏ ထိန်းကျောင်းမှုအောက်တွင် တည်ရှိနေခြင်းဖြစ်သည်။ စစ်ဘက်ဆိုင်ရာတရားစီရင်ရေး၏ တာဝန်ယူ၊ တာဝန်ခံမှုကင်းမဲ့ခြင်းသည် လူထုအပြင် စစ်သားများအတွက်လည်း ဥပဒေ၏အကာအကွယ်ကို ရရှိပိုင်ခွင့်ကို အဓိပ္ပာယ်ကင်းမဲ့စေသည်။
- တရားစီရင်ရေးမဏ္ဍိုင်အားကောင်းခိုင်မာစေရန် လွတ်လပ်ခြင်း၊ ဘက်မလိုက်ခြင်း၊ ထိရောက်ခြင်းနှင့် အရင်းအမြစ်များပြည့်စုံခြင်းဟူသည် ဝိသေသများနှင့် ပြည်စုံရမည်ဖြစ်သည်။

## သုံးသပ်ချက်၊ ဆက်စပ်စဉ်းစားစရာများနှင့် နိဂုံး

၂၀၀၈ ဖွဲ့စည်းပုံဥပဒေအရ မြန်မာနိုင်ငံတွင် တရားရုံးများကို အထွေထွေတရားရုံးများ (General Courts)၊ စစ်ဘက်ဆိုင်ရာ တရားရုံးများ (Military Courts) နှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး (Constitutional Tribunal) ဟူ၍ သီးခြားစီ ထူထောင်ပြီး တရားစီရင်ရေး အာဏာများကို ကဏ္ဍအလိုက် ပိုင်းခြား (Separation of Powers/ Horizontal Power Sharing) သတ်မှတ်ထားပါသည်။[1] ထိုသို့ တရားစီရင်ရေးအာဏာကို ပိုင်းခြားသတ်မှတ်သည့်စနစ်သည် ဖက်ဒရယ်စနစ်ကို အကောင်အထည်ဖော်ရာတွင် လက်တွေ့နိုင်ငံရေးအရ အားနည်းချက် အများအပြားကို ဖြစ်ပေါ်စေပြီး၊ တရားစီရင်ရေးစနစ်အပေါ် တပ်မတော်က ပိုမိုလွှမ်းမိုး လာနိုင်စေခဲ့ပြီး တရားစီရင်ရေးစနစ်ကို ပျက်စီးစေခဲ့ပါသည်။ ယင်းအချက် များကို ၂၀၂၁ အာဏာသိမ်းပြီးနောက်ပိုင်းတွင် ပို၍ ထင်ထင်ရှားရှားတွေ့မြင် ရနိုင်ပါသည်။ မြန်မာနိုင်ငံတွင် ဖက်ဒရယ်စနစ်ကို အမှန်တကယ် အကောင်အထည်ဖော် တည်ဆောက်လိုသည် ဆိုပါက အောင်မြင်နေလျှက်ရှိသော ဖက်ဒရယ် နိုင်ငံများ၏ တရားစီရင်စနစ်များကို နှိုင်းယှဉ်လေ့လာ သင်ယူရန် လိုအပ်ပြီး စရိုက်သွင်ပြင် လက္ခဏာများ၊ ပထဝီဝင်အနေအထားများ၊ နိုင်ငံရေးအနေအထားများ မတူကွဲပြား စုံလင်စွာတည်ရှိနေသည့် ကျွန်ုပ်တို့ မြန်မာနိုင်ငံနှင့် ကိုက်ညီမှုရှိသည့် စနစ်ကို ရွေးချယ်တည်ဆောက် ရမည်ဖြစ်သည်။ မည်သည့်စနစ်က မြန်မာနိုင်ငံအတွက် အသင့်လျော်ဆုံးဆိုသည်ကို အကြံပေးရန်မှာ ဤစာတမ်း၏ရည်ရွယ်ချက်မဟုတ်သလို ဖြစ်လည်း မဖြစ်နိုင်ပေ။

ကိုယ်ပိုင်အုပ်ချုပ်ခြင်း (Self-rule) ၊ မျှဝေ အုပ်ချုပ်ခြင်း (Shared Rule) ဟူသော ဖက်ဒရယ်စနစ်၏ အဓိက ဝိသေသလက္ခဏာများသည် သက်ဆိုင်ရာ ဖက်ဒရယ် နိုင်ငံအလိုက် နိုင်ငံရေး အခြေအနေ ၊ ဘာသာ အယူဝါဒ၊ ဘာသာစကားနှင့် ပထဝီနယ်မြေဒေသ အစရှိသည့် အခြေအနေများပေါ် မူတည်ပြီး ပုံစံအမျိုးအစား ကွဲပြားစွာတည်ရှိနေလျှက် ရှိပြီး မိမိတို့နိုင်ငံအတွက် သင့်လျော်သော ပုံစံကို ရွေးချယ် ကျင့်သုံးလေ့ရှိကြသည်။ အစိုးရ အဖွဲ့အစည်းများ ကြား အာဏာပိုင်ခြားခွဲဝေကျင့်သုံးသည့် ပုံစံများမှာလည်း နိုင်ငံ၏အစိုးရစနစ် Governance System) အလိုက် ကွဲပြားခြားနားသည်။ ပါလီမန်စနစ်ကျင့်သုံးသည့်နိုင်ငံများတွင် အုပ်ချုပ်သည့် အစိုးရအဖွဲ့ကို ဥပဒေပြုလွှတ်တော်မှ ထုတ်နုတ်ဖွဲ့စည်းခြင်းဖြစ်သည့် အားလျော်စွာ အာဏာ ခွဲဝေမှုသည် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးကဏ္ဍများတွင် တာဝန်ယူသည့် လူပုဂ္ဂိုလ် ဆိုင်ရာကိစ္စရပ်များတွင် ရှင်းလင်းပြတ်သားမှုမရှိ ရောထွေးနေတတ်သည်။ ထိုသို့ ရောထွေးမှုများ၏အကျိုးဆက်သည် ဖက်ဒရယ် တရားစီရင်ရေးကဏ္ဍအပေါ် များစွာသက်ရောက်မှုရှိပါသည်။ သမ္မတစနစ်ကျင့်သုံးသော ဖက်ဒရယ်နိုင်ငံများတွင်အားဏာပိုင်ခြာ ခွဲဝေကျင့်သုံးရာတွင် အုပ်ချုပ်ရေး၊

ဥပဒေပြုရေး နှင့် တရားစီရင်ရေး ကဏ္ဍ အသီးသီးတွင် လူပုဂ္ဂိုလ်ဆိုင်ရာ တာဝန်ယူမှု တာဝန်ခံမှုသည် သီးခြားဆီ ရပ်တည် နေပြီး အပြန်အလှန် အာဏာထိန်းကြောင်း သည့် စနစ် (Check and Balance System) ကိုလည်း ပိုမိုခိုင်မာအားကောင်းလာအောင် ပြုလုပ်နိုင်သဖြင့် ကဏ္ဍတစ်ခုချင်းစီ၏ လုပ်ဆောင်ချက်များ ညီညွတ်မျှတအောင် ဆောင်ရွက်နိုင်သည်။ မြန်မာနိုင်ငံ၏ ဖက်ဒရယ်စနစ်ကို အကောင်အထည်ဖော် တည်ဆောက်မည် ဆိုသည့်အခါတွင်လည်း အစိုးရစနစ်ကို လည်း အသေအချာ စဉ်းစာ သုံးသပ်ရမည် ဖြစ်သည်။ ဖက်ဒရယ် တရားစီရင်ရေး၏ လွတ်လပ်မှု၊ တရားမျှတမှု အစရှိသည်တို့သည် အခြေခံအားဖြင့် ဖက်ဒရယ်အစိုးရစနစ်၏ အားကောင်းခိုင်မာမှုပေါ်တွင် မှီတည်နေသည်။ အနာဂတ် ဖက်ဒရယ် တရားစီရင်ရေးစနစ် လွတ်လပ်ပြီး၊ အမှီအခိုကင်းစွာ ရပ်တည်နိုင်စေရန်အတွက် တရားသူကြီးများခန့်အပ်မှု နှင့် ရာထူးမှဖယ်ရှားမှု များ၊ လုပ်ခလစာ များကိုလည်း သေချာစွာစီမံထားရှိရန် လိုအပ်ပြီး၊ ယင်းအတွက် တိကျသည့် ဥပဒေများရေးဆွဲ ပြဋ္ဌာန်းထားမှသာ လွတ်လပ်ပြီး တရားမျှတသော ဖက်ဒရယ် တရားစီရင်ရေးစနစ်ကို အကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အနာဂတ် ဖက်ဒရယ် တရားစီရင်ရေး စနစ်အတွက် နောက်ထပ်ထည့်သွင်း စဉ်း စားသင့်သည့် အချက်မှာ တရားရုံးစနစ်၊ ဖွဲ့စည်းပုံ နှင့် စီရင်ပိုင်ခွင့်အပ်နှင်းသည့် အခွင့် အာဏာ ဖြစ်သည်။ တရားရုံးစနစ်နှင့် ပတ်သက်ပြီး စဉ်းစားရာတွင် တရားရုံးများကို တရားရုံးစနစ်တစ်ခုတည်းစနစ်ကို ကျင်သုံးပြီး အမှုကိစ္စရပ်အားလုံးအတွက် တရားစီရင်ရေး၏ အမြင့်ဆုံးအခွင့်အာဏာကို ပြည်ထောင်စုတရားရုံးချုပ်တစ်ခုအား အပ်နှင်းမည်လော (Single Court Hierarchy) သို့မဟုတ် ပြည်နယ်တရားရုံးချုပ်များအား ပြည်နယ်အဆင့်ဥပဒေနှင့်သက်ဆိုင်သည့်အမှုများအတွက် အမြင့်ဆုံးစီရင်ပိုင်ခွင့်အာဏာကို အပ်နှင်းမည်လော (Dual Court System)၊ ခွဲဝေပေါင်းစပ်စနစ် (Shared or Integrated System) ကိုကျင့်သုံးမည်လော ဟူသည်ကို ဦးစွာစဉ်းစားရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် လွတ်လပ်သော သီးခြားတရားရုံးတစ်ရပ် တည်ထောင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှု (Constitutional Review) နည်းလမ်းကိုကျင့်သုံးမည်လော၊ သို့တည်းမဟုတ် အမေရိကန် နိုင်ငံတွင်ကျင့်သုံးသကဲ့သို့ တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်မှု (Judicial Review) ဖြင့် ဖွဲ့စည်း ပုံ အခြေခံ ဥပဒေဆိုင်ရာ အငြင်းပွားမှုများကို အထွေထွေတရားရုံးစနစ်မှ ဖြေရှင်းဆုံးဖြတ်မည်လော အစရှိသည်တို့ကို စဉ်းစား သုံးသပ်ကြရမည် ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ တရားဥပဒေစိုးမိုးရေး၊ အမှန်တရားနှင့် တရားမျှတမှု ကောင်းစွာဖော်ဆောင် နိုင်ခြင်း ရှိမရှိသည် လွတ်လပ်သောတရားရေးစီရင်ရေးမဏ္ဍိုင်ကို ခိုင်မာစွာတည်ဆောက် နိုင်ခြင်းရှိမရှိ အပေါ် မူတည် နေပါသည်။ လွတ်လပ်မျှတပြီး အားကောင်းခိုင်မာသည့် တရားစီရင်ရေးကဏ္ဍသည် ရေရှည်တည်တံ့နိုင်သည့်

ဖက်ဒရယ်ဒီမိုကရေစီစနစ်အတွက် အားကောင်းသောအထောက်အပံ့ဖြစ်နိုင်သည်။ ဖက်ဒရယ်နိုင်ငံတစ်ရပ်ထူထောင်ရာတွင် လွတ်လပ်သော တရား စီရင်ရေးယန္တရားများကို ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်များ အပါအဝင် တရားရုံးအဆင့်တိုင်းတွင် ခိုင်မာအောင် ဖွဲ့စည်းတည်ထောင်ရန်မှာအလွန်အရေးကြီးသည်။

ဖက်ဒရယ်စနစ်တွင် တရားရုံးများ မည်သို့ပင်သီးခြားရှိနေစေကာမူ အဓိက စဉ်းစားပြဌာန်းရမည့် အချက်များမှာ အများပြည်သူ၏ လွတ်လပ်ခွင့်၊ တရားမျှတမှု ရပိုင်ခွင့် အခွင့်အရေးများကို မဆုံးရှုံး၊ အထိပါး မခံရစေအောင် အကာအကွယ်ပေးသည့် ပြဌာန်းချက်များကို အခိုင်အမာ ထည့်သွင်းပြဌာန်းရန် ဖြစ်သည်။ သမိုင်းနောက်ခံ၊ နိုင်ငံရေးယဉ်ကျေးမှု၊ လူမျိုးဘာသာများစုံလင်ကွဲပြားမှု၊ ပထဝီ မြေမျက်နှာသွင်ပြင်နှင့် ရယူခံစားနိုင်သော အရင်းအမြစ်များ အပေါ် မူတည်ပြီး နိုင်ငံအသီးသီး၏ ဖက်ဒရယ်စနစ်ပုံစံများ ကွာခြားကြသည် ဖြစ်ရာ မည်သည့်ဖက်ဒရယ်နိုင်ငံ၏ တရားစီရေးရေးဆိုင်ရာ ဖွဲ့စည်းတည်ဆောက်လည်ပတ်ပုံသည် အကောင်းဆုံးဟူ၍ သတ်မှတ်၍ မဖြစ်နိုင်ပေ။ အထက်ပါအရာများကဲ့သို့ ပြောင်းလွယ်ပြင်လွယ်မဟုတ်ပဲ ပြဌာန်းချက်နီးနီးဖြစ်နေသောအရာများ (ဉပမာ - သမိုင်းနှင့်ချီသည့် မတူကွဲပြားမှုများ) ရှိသလို တဖက်တွင်လည်း နိုင်ငံအတွင်းရှိ မတူညီသော အုပ်စုအသီးသီးမှ ဆွေးနွေးတောင်းဆိုမှုများ၊ သဘောတူညီချက်ရယူနိုင်ရန် အတွက် မဖြစ်မနေ လိုက်လျောပေးရမည့် သဘောတရား ဆန္ဒများ၊ လေးစားစောင့်ရှောက်ရမည့် အမျိုးမျိုးအထွေထွေသော ယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများကလည်း လက်တွေ့ကျင့်သုံးမည့် စနစ်ကို ပုံဖော်နေလျှက်ရှိမည်ဖြစ်သည်။ အရေးအကြီးဆုံးမှာ ဆွေးနွေးဘက် အုပ်စုများအားလုံးအတွက် အကောင်းဆုံးပုံစံမဖြစ်နိုင်သည့်တိုင်အောင် အများ လက်ခံနိုင်သော၊ တစ်ဖက်တွင်လည်း ပြည်သူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးများကို လေးစား အကာအကွယ် ပေးသော၊ ထို့ပြင် အမှန်တကယ်လည်း အလုပ်ဖြစ်နိုင်သော ပုံစံကိုရရှိနိုင်အောင် ကြိုးစားကြရန် လိုအပ်ပေသည်။

## ဥပဒေအကိုးအကား

ပုဒ်မ ၂၉၃၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ကြေညာချက်အမှတ် ၁၁/၂၀၀၈။

ပုဒ်မ ၂၃ (ဂ) (၃)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို စတုတ္ထ အကြိမ် ပြင်ဆင်သည့် ဥပဒေ၊ ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေ အမှတ် ၂၅။

ပုဒ်မ ၂၉၃၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ကြေညာချက်အမှတ် ၁၁/၂၀၀၈။

ပုဒ်မ ၂၉၄၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ကြေညာချက်အမှတ် ၁၁/၂၀၀၈။

ပုဒ်မ ၃၁၉၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ကြေညာချက်အမှတ် ၁၁/၂၀၀၈။

ပုဒ်မ ၁၁၀၊ တပ်မတော်အက်ဥပဒေ၊ ၁၉၅၉ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၃။

ပုဒ်မ ၇၁၊ တပ်မတော်အက်ဥပဒေ၊ ၁၉၅၉ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၃။

ပုဒ်မ ၇၂၊ တပ်မတော်အက်ဥပဒေ၊ ၁၉၅၉ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၃။

ပုဒ်မ ၄၁၉၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ကြေညာချက်အမှတ် ၁၁/၂၀၀၈။ စစ်အုပ်ချုပ်ရေး ဥပဒေ (Martial Law)၊ အမိန့်အမှတ် ၅/၂၀၂၁

ပုဒ်မ ၂၉၃၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ကြေညာချက်အမှတ် ၁၁/၂၀၀၈။

ပုဒ်မ ၃၂၄၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ကြေညာချက်အမှတ် ၁၁/၂၀၀၈။

ပုဒ်မ ၅၆၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ၂၀၁၀

ပုဒ်မ ၁၉၊ လက်နက်အက်ဥပဒေ ၁၈၇၈

ပုဒ်မ ၁၃၊, The Burma Laws Act 1898

The Upper Burma Land and Revenue Regulation 1889

The Lower Burma Land and Revenue Act 1876

Section 179, The Constitution of Bolivia, 2009

Constitutional Federalism Institute

The Constitution the Republic of South Africa, 1996.

## ကျမ်းကိုးစာရင်း

Aneme, G.A. (2015). Ethiopia: Legal and Judicial Plurality and the Incorporation of Traditional Dispute Resolution Mechanisms within the State Justice System. In: *Non-State Justice Institutions and the Law: Decision-Making at the Interface of Tradition, Religion and the State*. London: Palgrave Macmillan.

Aroney, M and Kincaid, J. (2017). Courts in Federal Countries: Federalist or Unitarist. *University of Toronto Press.*

Baffero, P. (2022). A Qualitative Analysis of Indigenous Justice and Legal Pluralism Bolivia. Thesis.

Bu̇chlerA. (2011). *Islamic Law in Europe? : Legal Pluralism and Its Limits in European Family Laws*. Farnham, Surrey, England ; Burlington, Vt: Ashgate.

Cane, P. and Kritzer, H.M. (2013). *The Oxford handbook of empirical legal research*. Oxford England ; New York: Oxford University Press.

Department of Justice, Canada. (2021) The Judicial Structure. Available at: https://www.justice.gc.ca/eng/csj-sjc/just/07.html , [Accessed 12 Dec 2022].

Garcia, Y.C. and Carrillo, J.P.C. (2016). Cómo Citar El Artículo Número Completo Más Información Del Artículo Página De La Revista En redalyc.org Sistema De Información Científica Redalyc Red De Revistas Científicas De América Latina Y El Caribe, España Y

Portugal Proyecto Académico Sin Fines De lucro, Desarrollado Bajo La Iniciativa De Acceso Abierto Universidad Autónoma Latinoamericana. *Ratio Juris*, [online] 11. doi:10.24142/raju.v11n23a6.

Griffiths, J. (1986). What Is Legal Pluralism. *Journal of Legal Pluralism and Unofficial Law*, 24.

Hooker, M.B. (1975). *Legal Pluralism*. Oxford University Press.

Isra, S., Ferdi, F. and Tegnan, H. (2017). Rule of Law and Human Rights Challenges in South East Asia: a Case Study of Legal Pluralism in Indonesia. *Hasanuddin Law Review*, 3(2), p.117. doi:10.20956/halrev.v3i2.1081.

International Development Law Organization (2014). *Civil Law: Inheritance Law and Equality for Women (Session 9:2)*. P-14.

Kyed, H.M. (2017). *JUSTICE PROVISION IN MYANMAR*. [online] JSTOR. Available at: https://www.jstor.org/stable/resrep13185 [Accessed 19 Dec. 2022].

Longley, R. (2020). Understanding the Dual Court System, *ThoughtCo*. Available at: https://www.thoughtco.com/dual-court-system-definition-4114784 [Accessed 15 Dec. 2022]

Mavciv, Arne. (2008). Some Comparative Comments to the Introduction of Constitutional Review, *The Constitutional Review.* CDL-JU. P-4

Sack, P.C. (1986). *Legal pluralism: Proceedings of the Canberra Law Workshop VII*. [online] *National Library of Australia (new catalog)*. Canberra: Law Dept., Research School of Social Sciences, Australian National University. Available at: https://catalogue.nla.gov.au/Record/2198477 [Accessed 18 Dec. 2022].

Saunders, C. (2019), Courts in Federal Countries, *International IDEA.*

Tamanaha, B.Z. (2010). Understanding Legal Pluralism: past to Present, Local to Global. In: *Legal Theory and the Social Sciences: Volume II*. London: Routledge.

Yilmaz, I. (2016). *Muslim Laws, Politics and Society in Modern Nation States*. Routledge.

ဖက်ဒရယ် နိုင်ငံများ (Federal States)

| ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေစနစ် နှင့် စတင်ကျင့်သုံးသောနှစ် | |
|---|---|
| အမေရိကန် ပြည်ထောင်စု | အက္ခရာတင်ထားသော အခြေခံဥပဒေ (Written Constitution) ဖြစ်ပြီး ပြည်နယ်များတွင်လည်း ရေးသားထားသော အခြေခံဥပဒေ ရှိသည်။ ၁၇၈၇ ခုနှစ်တွင် စတင်ကျင့်သုံးသည်။ |
| ဂျာမနီ | အက္ခရာတင်ထားသော အခြေခံဥပဒေ (Written Constitution) ဖြစ်ပြီး ပြည်နယ်များ တွင်လည်းရေးသားထားသော အခြေခံဥပဒေ ရှိသည်။ ၁၉၄၉ ခုနှစ်တွင် စတင် ကျင့်သုံးသည်။ |
| နီပေါ | အက္ခရာတင်ထားသော အခြေခံဥပဒေ (Written Constitution) ဖြစ်ပြီး ပြည်နယ် (province) များတွင် သီးခြား အခြေခံဥပဒေမရှိပါ။ ၂၀၁၅ ခုနှစ်တွင် စတင်ကျင့်သုံးသည်။ |
| မြန်မာ | အက္ခရာတင်ထားသော အခြေခံဥပဒေ (Written Constitution) ဖြစ်ပြီး ပြည်နယ်များတွင် သီးခြား အခြေခံဥပဒေမရှိပါ။ ၂၀၀၈ ခုနှစ်တွင် စတင်ကျင့်သုံးသည်။ |
| မလေးရှား | အက္ခရာတင်ထား သောအခြေခံဥပဒေ (Written Constitution) ဖြစ်ပြီး ကိုယ်ပိုင် အက္ခရာတင်ထားသောဖွဲ့စည်းပုံ အခြေခံ ဥပဒေပြည်နယ်များတွင်လည်း ရေးသားထားသော အခြေခံဥပဒေ ရှိသည်။ (၁၉၅၇) ခုနှစ်တွင် စတင် ကျင့်သုံးသည်။ |
| အိန္ဒိယ | အက္ခရာတင်ထားသော အခြေခံဥပဒေ (Written Constitution) ဖြစ်ပြီး ပြည်နယ်များ တွင်လည်းရေးသားထားသော အခြေခံဥပဒေ ရှိသည်။ ၁၉၄၉ ခုနှစ်တွင် စတင် ကျင့်သုံးသည်။ |
| ကနေဒါ | အက္ခရာတင်ထားသော အခြေခံဥပဒေ (Written Constitution) ဖြစ်ပြီး ပြည်နယ်များ တွင်လည်းရေးသားထားသော အခြေခံဥပဒေ ရှိသည်။ ၁၈၆၇ ခုနှစ်တွင် စတင် ကျင့်သုံးသည်။ |
| သြစတြေးလျ | အက္ခရာတင်ထားသော အခြေခံဥပဒေ (Written Constitution) ဖြစ်ပြီး ပြည်နယ်များ တွင်လည်းရေးသားထားသော အခြေခံဥပဒေ ရှိသည်။ ၁၉၀၁ ခုနှစ်တွင် စတင် ကျင့်သုံးသည်။ |

| အစိုးရစနစ် | |
|---|---|
| အမေရိကန် ပြည်ထောင်စု | သမ္မတစနစ်ကို ကျင့်သုံးသည်။ သမ္မတလွှတ်တော်မှရွေးကောက်တင်မြှောက်ခြင်းလည်းမဟုတ်၊ ပြည်သူလူထုမှ တိုက်ရိုက်ရွေးကောက် တင်မြှောက်ခြင်းလဲမဟုတ်ပဲ ပြည်နယ်အလိုက် ပြည်သူလူထုမှ ရွေးချယ်စေလွှတ်လိုက်သော သမ္မတရွေးကောက်ရေးအဖွဲ့ (electoral college) မှတစ်ဆင့် နိုင်ငံတော်သမ္မတကို ရွေးကောက်တင်မြှောက်သည်။ |
| ဂျာမနီ | "သမ္မတစနစ်နှင့် ပါလီမန်စနစ်ကို ရောပြွမ်း ကျင့်သုံးသော နိုင်ငံဖြစ်သည်။ သမ္မတကို ဖက်ဒရယ်ပြည်ထောင်စု ညီလာခံ (Federal Convention) မှ ရွေးကောက် တင်မြှောက်ပြီး ရွေးကောက်တင်မြှောက်ခံရသည့်အချိန်တွင် နိုင်ငံတော် သမ္မတသည် အနည်းဆုံး အသက် ၄၀ ပြည့်ပြီးသူဖြစ်ရမည်။ နန်းရင်းဝန် (Chancellor) တနည်းအားဖြင့် ဝန်ကြီးချုပ်ကို အထက်လွှတ်တော် (the Bundestag) မှ ရွေးချယ်တင်မြှောက်ပြီ သမ္မတမှ အတည်ပြု ခန့်အပ်သည်။ |
| နီပေါ | လွှတ်တော် (တနည်း) ပါလီမန် စနစ် ကို ကျင့်သုံးသည်။ (နိုင်ငံဦးသျှောင်သည် သမ္မတဖြစ်ပြီး ဖက်ဒရယ်အစိုးရအကြီးအမှူးသည် ဝန်ကြီးချုပ်ဖြစ်သည်။ ဝန်ကြီးချုပ်သည် လွှတ်တော်တွင် အနိုင်ရပါတီ၏ ခေါင်းဆောင်လည်း ဖြစ်သည်။ |
| မြန်မာ | သဏ္ဍာန်ဆောင် သမ္မတစနစ် ကို ကျင့်သုံးသည်။ သမ္မတ ကို ပြည်သူမှတိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်းမဟုတ်ပဲ လွှတ်တော် နှစ်ရပ် စုပေါင်းပြီး ကျင်းပပြီး မဲပေးရွေးကောက်တင်မြှောက်သည်။ |
| မလေးရှား | စည်းမျဉ်းခံ ဘုရင်စနစ် နှင့် ပါလီမန် စနစ်ကို ကျင့်သုံးသည်။ နိုင်ငံ အကြီးအကဲသည် ပြည်နယ် အလိုက် စော်ဘွား များအကြား ရွေးကောက်ပြီး နှင့် နိုင်ငံတော် အစိုးရအဖွဲ့ အကြီးအကဲမှာ ဝန်ကြီးချုပ်ဖြစ်သည်။ |
| အိန္ဒိယ | သမ္မတစနစ်ကို ကျင့်သုံးသောနိုင်ငံဖြစ်သည်။ (သမ္မတရွေးကောက်ရေး အဖွဲ့ (electoral College) မှ တစ်ဆင့် ရွေးကောက် တင်မြှောက်သည်။ |
| ကနေဒါ | စည်းမျဉ်းခံဘုရင်စနစ်နှင့် ပါလီမန်စနစ်ကို ရောစပ် ကျင့် သုံးသော နိုင်ငံဖြစ်သည်။နိုင်ငံအကြီးအကဲသည် ဘုရင်/မဖြစ်ပြီး နိုင်ငံအစိုးရအဖွဲ့အကြီးအကဲ မှာ ဝန်ကြီးချုပ် ဖြစ်သည်။ |
| သြစတြေးလျ | စည်းမျဉ်းခံဘုရင်စနစ်နှင့် ပါလီမန်စနစ်ကို ရောစပ် ကျင့် သုံးသော နိုင်ငံဖြစ်သည်။နိုင်ငံအကြီးအကဲသည် ဘုရင်/မဖြစ်ပြီး နိုင်ငံအစိုးရအဖွဲ့အကြီးအကဲ မှာ ဝန်ကြီးချုပ် ဖြစ်သည်။ |

| ပေါင်းစပ်ဖွဲ့စည်း ထားသော ပြည်ထောင်စု နယ်မြေများ | |
|---|---|
| အမေရိကန် ပြည်ထောင်စု | ပြည်နယ် (၅၀) ခု၊ ပြည်ထောင်စုနယ်မြေ (၁) ခု |
| ဂျာမနီ | ပြည်နယ် (Länder) (၁၆) ပြည်နယ် |
| နီပေါ | ပြည်နယ် (၇) ခု |
| မြန်မာ | ပြည်နယ် (၇)ခု၊ တိုင်းဒေသကြီး (၇)ခု၊ သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်ရှိ ပြည်ထောင်စု နယ်မြေ (၁) ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း(၁) ခု နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရ ဒေသ (၅)ခု |
| မလေးရှား | ပြည်နယ် (၁၃)ခု၊ ပြည်ထောင်စု နယ်မြေ (၃) ခု |
| အိန္ဒိယ | ပြည်နယ် (၂၈)ခု၊ ပြည်နယ်နှင့် ပြည်ထောင်စု နယ်မြေ (၈) ခု |
| ကနေဒါ | ပြည်နယ် (၁၀)ခု နှင့် နယ်မြေ (၃) ခု |
| ဩစတြေးလျ | ပြည်နယ် (၆)ခု နှင့် နယ်မြေ (၂) ခု |

| တရားရုံးစနစ် | |
|---|---|
| အမေရိကန် ပြည်ထောင်စု | တရားရုံး ၂ ဆင့်ယှဉ်စနစ်ကို ကျင့်သုံးသည်။ |
| ဂျာမနီ | အထွေထွေ တရားရုံးစနစ် သည် ခွဲဝေ (သို့) ပေါင်းစပ် တရားရုံးစနစ်ကိုကျင့်သုံး သည့်နိုင်ငံဖြစ်သည်။ |
| နီပေါ | တရားရုံးစနစ် တစ်ခုတည်းဖြစ်သည်။ |
| မြန်မာ | အထွေထွေတရားရုံး စနစ် သည် ပြည်ထောင်စု နှင့်ပြည်နယ် အာဏာ ပိုင်းခြားခွဲဝေ ပေးထားခြင်းမရှိဘဲ ပြည်ထောင်စု လွှတ်တော်အောက်တွင် အဆင့်ဆင့် ပိုင်းခြား သတ်မှတ် ပေးထား သော စနစ် (Single Court Hierarchy) ဖြစ်သည်။ ယင်းတရားရုံးများ အပြင် သီးခြားရပ်တည်နေသော စစ်ဘက်ဆိုင်ရာတရားရုံး နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး လည်းရှိသည်။ |
| မလေးရှား | အထွေထွေတရားရုံး စနစ် သည် ပြည်ထောင်စု နှင့်ပြည်နယ် အာဏာ ပိုင်းခြားခွဲဝေ ပေးထားခြင်းမရှိဘဲ ပြည်ထောင်စု တရားရုံး (The Federal Court) အောက်တွင် အဆင့် ဆင့် ပိုင်းခြားသတ်မှတ် ပေးထား သော စနစ် ဖြစ်သည်။ Sharia ဘာသာရေးဆိုင်ရာ တရား ရုံးများသည် သီးခြားအပြိုင် ရပ်တည်သည်။ |
| အိန္ဒိယ | အထွေထွေ တရားရုံးစနစ် သည် ခွဲဝေ (သို့) ပေါင်းစပ် တရားရုံးစနစ်ကိုကျင့်သုံး သည့်နိုင်ငံဖြစ်သည်။ |
| ကနေဒါ | အထွေထွေ တရားရုံးစနစ် သည် ခွဲဝေ (သို့) ပေါင်းစပ် တရားရုံးစနစ်ကိုကျင့်သုံး သည့်နိုင်ငံဖြစ်သည်။ |

| | |
|---|---|
| ဩစတြေးလျ | အထွေထွေ တရားရုံးစနစ် သည် တရားရုံး နှစ်ဆင့်ယှဉ်စနစ်ကို ကျင့်သုံးသော နိုင်ငံဖြစ်သည်။ |

| ပြည်ထောင်စု နှင့် ပြည်နယ်အဆင့် အထွေထွေတရားရုံးများဖွဲ့စည်းပုံ | |
|---|---|
| အမေရိကန် ပြည်ထောင်စု | ဖက်ဒရယ် တနည်း အားဖြင့် ပြည်ထောင်စု အဆင့် တရားရုံးများသည် ဖက်ဒရယ်/ ပြည်ထောင်စု အဆင့် ဥပဒေနှင့် သက်ဆိုင်သော အမှုများကို ကြားနာစစ်ဆေးနိုင်ပြီး၊ ပြည်နယ်တရားရုံးများကမူ ပြည်နယ် ဥပဒေနှင့်သက်ဆိုင်သော အမှုများကို ကြားနာစစ်ဆေးနိုင်သည်။ |
| ဂျာမနီ | တရားစီရင်ရေးအာဏာကို တရားသူကြီး များထံတွင် ထားရှိပြီး ပြည်ထောင်စုတရားရုံးမှ ကျင့်သုံးဆောင်ရွက်ရမည့် ဥပဒေ၊ ပြည်နယ်မှ ကျင့်သုံးဆောင်ရွက်ရမည့် ဥပဒေဟူ၍မရှိပါ။ မည်သည့်တရားရုံးကမဆို ဥပဒေရေးရာနှင့် ပတ်သက်လာလျှင် စီရင်ဆုံးဖြတ်နိုင်သည် ဟု ပြဋ္ဌာန်းထားသည်။ |
| နီပေါ | ပြည်နယ် တရားရုံးချုပ်များမှ တရားသူကြီးများကို ပြည်ထောင်စု တရားသူကြီးချုပ်မှ ခန့်အပ်သည်။ ပြည်နယ်တရားရုံးချုပ်များတွင် စတင်ခဲ့သော အမှုများကိုလည်း ပြည်ထောင်စုတရားရုံးချုပ်မှ အယူခံကြားနာခွင့် ရှိသည်။ |
| မြန်မာ | ပြည်ထောင်စုနှင့် ပြည်နယ် တရားရုံးများဖွဲ့ စည်းပုံ သည် တမိုးအောက် ပုံစံ ပြည်ထောင်စုအောက်တွင် တရားရုံး အဆင့်ဆင့် ဖွဲ့စည်း ထားသည်။ ပြည်နယ်များတွင် သီးခြားရပ်တည်နိုင်သော အပြီးသတ် အာဏာ အပ်နှင်းပေးထားသည့် တရားရုံးများ မထားရှိပါ။ |
| မလေးရှား | အထွေထွေ တရားရုံးစနစ်သည် တစ်မိုးအောက်တွင် အဆင့်သတ်မှတ်ချက်စနစ် ကျင့်သုံးသည့် တရားရုံးစနစ် ဖြစ်သည်။ Sharia ဘာသာရေး ဆိုင်ရာ တရားရုံးသည် အထွေထွေတရားရုံးများနှင့် စင်ပြိုင်ရပ်တည်လျှက်ရှိသည်။ |
| အိန္ဒိယ | တရားရုံးစနစ် တစ်ခုတည်းစနစ်ကို ကျင့်သုံးသည်။ အမျိုးသားတရားရေးရာထူးခန့်အပ်မှုကော်မရှင်က ပြည်ထောင်စုတရားရုံးချုပ် တရားသူကြီးများ၊ ပြည်နယ်တရားရုံးချုပ်တရားသူကြီးများကို ခန့်အပ်သည်။ |
| ကနေဒါ | တရားရုံးတိုင်သည် ကိုယ်ပိုင် တရားစီရင်ရေး အာဏာတည်ရှိပြီး တရားရုံးကို အဆင့် (၄)ဆင့် ခွဲခြားနိုင်သည်။<br>၁။ ခရိုင်နှင့် နယ်မြေ (အောက်) တရားရုံးများ<br>၂။ ခရိုင်နှင့် နယ်မြေတရားရုံးချုပ်များ (အထက်တရားရုံး)<br>၃။ ခရိုင်နှင့် နယ်မြေအယူခံတရားရုံးများ နှင့် ပြည်ထောင်စု အယူခံတရား ရုံး<br>၄။ ကနေဒါနိုင်ငံ၏ တရားရုံးချုပ်၊ ကနေဒါနိုင်ငံ ၏နောက်ဆုံး အယူခံတရား ရုံးလည်းဖြစ် သည်။ |

| | |
|---|---|
| ဩစတြေးလျ | တရားစီရင်ရေး အာဏာကို ပြည်ထောင်စု တရားရုံးချုပ် တွင်ထားရှိပြီး ဩစတေးလျ နိုင်ငံ၏ တရားရုံးချုပ် (the High Court of Australia) ဟုခေါ်သည်။ |

| ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းခွင့် အာဏာ | |
|---|---|
| အမေရိကန် ပြည်ထောင်စု | ဖက်ဒရယ် တရားရုံးချုပ် (Supreme Court) တွင်ထားရှိသည်။ |
| ဂျာမနီ | ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာတရားရုံး (the federal Constitutional Court) တွင်ထားရှိသည်။ |
| နီပေါ | ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး (Constitutional Bench) တွင် ထားရှိသည်။ သို့ရာတွင် ၎င်းခုံရုံးကို တရားရုံးချုပ်၏ တရားသူကြီးချုပ်နှင့် တရားရုံးချုပ်တရားသူကြီးလေးဦးနှင့် ဖွဲ့စည်းခြင်းဖြစ်သည်။ |
| မြန်မာ | သီးခြားတရားရုံးဖြစ်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံး (Constitutional Tribunal)တွင် ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှု (Constitutional Review) ကို ကျင့်သုံးသည်။ |
| မလေးရှား | ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန် သီးခြားတရားရုံးစနစ်မရှိပါ။ ပြည်ထောင်စု တရားရုံး (Federal Court) ကသာ ဖြေရှင်းဆောင်ရွက်ပေးသည်။ အကန့်အသတ်ဖြင့်တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်မှု(Limited Judicial Review) ကို ကျင့်သုံးသည်။ |
| အိန္ဒိယ | ဖက်ဒရယ် တရားရုံးချုပ် (Supreme Court) တွင်ထားရှိသည်။ |
| ကနေဒါ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှု များကို ကနေဒါ နိုင်ငံ၏ တရားရုံးချုပ် (The Supreme Court of Canada) တွင် ဖြေရှင်းဆောင် ရွက်ပေးသည်။ |
| သြစတြေးလျ | သြစတြေးလျတရားရုံးချုပ် (The High Court of Australia) တွင်ထားရှိသည်။ |

| နိုင်ငံ၏ အမြင့်ဆုံးတရားရုံးနှင့် စီရင်ပိုင်ခွင့် အာဏာ | |
|---|---|
| အမေရိကန် ပြည်ထောင်စု | တရားရုံး ၂ ဆင့်ယှဉ်စနစ်ဖြစ်သောကြောင့် ဖက်ဒရယ် တရားရုံးများနှင့် ပြည်နယ်တရားရုံးများရှိရာ၊ ဖက်ဒရယ် တရားရုံးများတွင် စတင်ခဲ့သော အမှုများနှင့် ပါတ်သက်လျှင် ဖက်ဒရယ်တရားရုံးချုပ်၏ အဆုံးအဖြတ်သည် နောက်ဆုံးနှင့် အပြီးသတ်ဖြစ်သည်။ ပြည်နယ်တရားရုံးများတွင် စတင်ခဲ့သော အမှုများမှာမူ သက်ဆိုင်ရာ ပြည်နယ်တရားရုံးချုပ်များ၏ အဆုံးအဖြတ်သည် အပြီးသတ်ဖြစ်သည်။ သို့သော် ပြည်နယ်တရားရုံးများမှ ဆုံးဖြတ်ချက်သည် ဖက်ဒရယ်ဥပဒေများနှင့် ဆက်ဆိုင်နေလျှင် ဖက်ဒရယ်တရားရုံးချုပ်မှ ကြားနာနိုင်သည်။ |
| ဂျာမနီ | အမြင့်ဆုံး တရားရုံးနှင့် စီရင်ပိုင်ခွင့် အာဏာသည် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတွင်တည်ရှိသည်။ |
| နီပေါ | ပြည်ထောင်စု တရားရုံးချုပ်သည် ပြည်နယ် တရားရုံးချုပ်များမှ အမှုများကို အယူခံကြားနာနိုင်သည်။ |
| မြန်မာ | အထွေထွေတရာစီရင်ရေးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် (Supreme Court of the Union)သည်၎င်း၊ စစ်ဘက်ဆိုင်ရာ အရေး ကိစ္စ တွင် စစ်ဘက်ဆိုင်ရာ တရားရုံးချုပ် ( General Court Martial)သည်၎င်း နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး (Constitutional Tribunal)သည်၎င်း နောက်ဆုံး အယူခံပိုင်ခွင့်ရှိသည့် တရားရုံးများဖြစ်သည်။ |
| မလေးရှား | တရားစီရင်ရေး စနစ်တစ်ခုလုံးတွင် ပြည်ထောင်စု တရားရုံး (Federal Court) သည် နောက်ဆုံးအယူခံ တရားရုံးဖြစ်သည်။ |
| အိန္ဒိယ | တရားရုံးချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေမှ သတ်မှတ်ထားသော အခြေအနေအချို့တွင် သက်ဆိုင်ရာအမှုများအတွက် နောက်ဆုံးအယူခံ တရားရုံးဖြစ်သည်။ |
| ကနေဒါ | ကနေဒါ တရားရုံးချုပ် (The Supreme Court of Canada) သည် တရားစီရင်ရေးစနစ်တစ်ခုလုံး၏နောက်ဆုံးအယူခံတရား ရုံး ဖြစ်သည်။ |
| ဩစတြေးလျ | ဩစတြေးလျတရားရုံးချုပ် (The High Court of Australia) သည် တရားစီရင်ရေးစနစ်တစ်ခုလုံး၏နောက်ဆုံးအယူခံတရား ရုံး ဖြစ်သည်။ |

| တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် ရာထူး ခန့်အပ် မှုစနစ် | |
|---|---|
| အမေရိကန် ပြည်ထောင်စု | ဖက်ဒရယ် တရားရုံးချုပ်မှ တရားသူကြီးချုပ်နှင့် တွဲဖက် တရားသူကြီးများကို သမ္မတမှ အထက်လွှတ်တော် (Senate) ၏ ထောက်ခံချက်ဖြင့် ခန့်အပ်သည်။ ပြည်နယ်ဖွဲ့စည်းပုံအရ ခန့်အပ်မှုပုံစံ အမျိုးမျိုးကွဲပြားသည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးက ခန့်အပ်ရသည်လည်းရှိသလို ရွေးကောက်တင်မြှောက်ခြင်း (သို့) ရွေးကောက်တင်မြှောက်ခြင်းနှင့် ရွေးချယ်ခန့်အပ်ခြင်း ၂ မျိုးရောစပ်ထားသည့် ခန့်အပ်မှုပုံစံများလည်း ရှိသည်။ |
| ဂျာမနီ | ပုဒ်မ (၉၇) တွင် တရားသူကြီး များသည် အမှီခိုကင်းလွတ်လပ်ရမည် ဖြစ်ပြီး ဥပဒေ တစ်ခုတည်းကိုသာ ဖြစ်ရမည် ဟုပြဋ္ဌာန်းထားသည်။ |
| နီပေါ | သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ကောင်စီ (constitutional council) ၏ အကြံပေးချက်အတိုင်း ပြည်ထောင်စု တရားသူကြီးချုပ်ကို ခန့်အပ်ပြီး တရားရေးကောင်စီ (Judicial Council) ၏အကြံပေးချက်အတိုင်း ကျန် ပြည်ထောင်စုတရားသူကြီးများကို ခန့်အပ်သည်။ ပြည်နယ် တရားရုံးချုပ် (High court) များနှင့် ခရိုင်တရားရုံးများမှ တရားသူကြီးများကို ပြည်ထောင်စု တရားသူကြီးချုပ်မှ တရားရေးကောင်စီ (judicial council) ၏အကြံပေးချက်အတိုင်း ခန့်အပ်သည်။ |
| မြန်မာ | ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၉ တွင် လွတ်လပ်စွာ တရားစီရင်ရေးကို ပေးထားသည်။ သို့သော် အခြားသော ဥပဒေပြဋ္ဌာန်းချက်များ (ဥပမာ မာရှယ်လော ထုတ်ပိုင်ခွင့်) က ထိုလွတ်လပ်ခွင့် ကိုအပြည့်အဝမရအောင် ပြန်ပိတ်ထားသည်။ တရားသူကြီးများကို သမ္မတမှ ဥပဒေ ပြုအဖွဲ့ ၏ သဘောတူချက်ဖြင့် သာ ခန့်အပ်ပိုင်ခွင့် ရှိသည်။ |
| မလေးရှား | အခန်း ၉၊ အပိုဒ် ၁၂၂ မှ ၁၃၁ မလေးရှားနိုင်ငံ ဖက်ဒရယ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ(The Federal Constitution of Malaysia) နှင့် ပုဒ်မ ၆၉၅ တရားစီရင်ရေးခန့်အပ်မှုကော်မရှင်ဥပဒေ၂၀၀၉ခုနှစ်(the Judicial Appointments Commission Act, 2009)အရ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှု ကို အာမခံချက်ပေးထားသည်။ တရားသူကြီးများကို ရာထူးခန့်အပ်မှုတွင် အုပ်ချုပ်သူများညီလာခံ (Conference of Rulers)မှာ တိုင်ပင်ဆွေးနွေး၍ဝန်ကြီးချုပ် (Prime Minister) ၏ အကြံပြုချက် အပေါ် မူတည်၍ မလေးရှား နိုင်ငံ ၏ စည်းမျဉ်းခံ ဘုရင်The Yang di-Pertuan Agong (the constitutional monarch and head of state of Malaysia)မှ ခန့်အပ်သည်။ |
| အိန္ဒိယ | ပြည်ထောင်စုတရားရုံးချုပ်မှ တရားသူကြီးချုပ်နှင့် ဝါရင့်တရားသူကြီးနှစ်ဦးနှင့် ဥပဒေနှင့်တရားရေးဝန်ကြီးအပါအဝင် လွှတ်တော်မှ အဆိုပြုသော အဖွဲ့ဝင်များပါဝင်သည့် အမျိုးသားတရားရေးရာထူးခန့်အပ်မှုကော်မရှင်မှ |

| | |
|---|---|
| | ပြည်ထောင်စုတရားရုံးချုပ်မှ တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ ပြည်နယ်တရားရုံးချုပ်များမှ တရားသူကြီးချုပ်နှင့် တရားသူကြီးများကို အမည်စာရင်းတင်သွင်း၍ သမ္မတမှခန့်အပ်သည်။ |
| ကနေဒါ | တရားစီရင်ရေး ဆိုင်ရာလွတ် လပ်မှုတွင် ၁။ ရာထူးလုံခြုံ ရေး ၂။ ဘဏ္ဍာရေး ဆိုင်ရာလုံခြုံရေး နှင့်  ၃။ စီမံခန့် ခွဲရေးဆိုင်ရာ လွတ်လပ်မှု ဟူ၍ အချက် (၃)ချက်ဖြင့် စီမံထားသည်ကိုတွေ့ရသည်။<br>ပြည်ထောင်စု အစိုးရသည် ပြည်ထောင်စု တရားရုံးတို့ရှိ တရားသူကြီး များ၊ ပြည်နယ်/ နယ်မြေများ၏ တရားရုံးချုပ် နှင့် ကနေဒါ တရားရုံးချုပ် တို့၏ တရားသူကြီး များကိုရွေး ချယ်သည်။ ပြည်နယ်/နယ်မြေ တရားရုံး၏ တရားသူကြီး များကို ခရိုင်/ နယ်မြေ အစိုးရ မှရွေးချယ်သည်။  အထက်ပါတရားသူကြီးများ မှာ ရှေ့နေလုပ် သက် (၁၀)နှစ် အနည်းဆုံး ရှိရမည်ဖြစ် သည်။ ကနေဒါတရားရုံးချုပ်တွင် တရားသူကြီးချုပ်တစ်ဦးနှင့် အခြားတရားသူကြီးရှစ်ဦး ပါဝင်ပြီး ပြည်ထောင်စုမှ ခန့်အပ်ထားသော တရားသူ ကြီးအားလုံးကို  ဝန်ကြီးချုပ်မှ ခန့်အပ်သည်။ သို့ရာတွင် ကနေဒါနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၉၆) အရ တရားသူကြီး များခန့်အပ်ရာတွင် ဝန်ကြီးချုပ်သည် Nova Scotia နှင့် New Brunswick သြဇာသက်ရောက်မှုမရှိပါ။ |
| သြစတြေးလျ | အဆင့်မြင့်တရား ရုံးနှင့် အခြား သောတရားရုံး ၏တရားသူကြီးများကို ပါလီမန် ၏ ဆုံးဖြတ်ချက် ဖြင့်သတ်မှတ်ပြီး ဝန်ကြီးချုပ်မှ ရွေးချယ်သည်။ |